www.dhammaransi.com

ဓမ္မပဒ

ဒေါက်တာ ဘီ.အေ.ဘိုးမြင့်

www.dhammaransi.com

နိဒါန်း

၁၃၂၁–ခုနှစ်၊ တံခွန်းလအတွင်း ရမည်းသင်းမြို့ ခရိုင်ဝန်မင်း ဝဏ္ဏကျော်ထင် ဦးလှမောင်၊ ပျဉ်းမနားမြို့ ဗမာ့တပ်မတော်ခြေလျင် တပ်ရင်းအမှတ် (၁၇) တပ်ရင်းမှူး ဗိုလ်မှူးတင်အောင်၊ ဗိုလ်ကြီးကျော်ထွဋ်၊ နယ်ပိုင်ဝန်ထောက်မင်း ဦးစိန်၊ ပြန်ကြားရေး အရာရှိ ဦးမောင်မောင် တို့နှင့် ရမည်းသင်းခရိုင် မြေကျေးရှင်းအရာရှိ ဦးမောင်ကလေး၊ ဦးမောင်မောင်မွန်းတို့ ဦးဆောင်လျက် ပျဉ်းမနားမြို့ အနောက် (၅) မိုင်ကွာ ပြန်ကပြေးကျေးရွာဒို့ဝင် သာယာကုန်းရွာအနီးရှိ ဘိတ်ပိန်းဘောင်ဆည်ကြီးကိုပြန်ကပြေးဒို့ဝင် ပျဉ်းမနားဟောင်း၊ အလျင်လို၊ ဇဲကြီးကုန်း၊ ချိုင်းရွာဒို့ဝင်များရှိ သူကြီးများ တောင်သူလယ်သမား ကျေးရွာလူထု လုပ်အားဖြင့် ပြန်လည်ဆည်ဖို့ လုပ်ကိုင်ခဲ့ပါသည် အဆိုပါ ဆည်ကြီးမှာ ရှေးမင်း များလက်ထက် နှစ်ပေါင်း (၁၀၀) ကျော်ခန့်က တူးဖေါ်ထားခဲ့ သည့် ဆည်ကြီးဖြစ်ပြီး ဒုတိယကမ္ဘာစစ် မဖြစ်မီ အင်္ဂလိပ်အစိုးရ တို့က ငါးအင်းအဖြစ် လေလံရောင်းချခဲ့ရာမှ တဖြည်းဖြည်းတိမ် ကောပျက်စီးလျက် အနှစ် (၃၀) ကျော်အတွင်း ထိုရောက်စွာ ပြုပြင်ခဲ့ခြင်းမရှိသဖြင့် ပျက်စီးခဲ့ရာမှ ယခုအခါတွင် ရေကာတာ တဲ့ ရေလွှတ်တံခါးများ တပ်ဆင် ပြုလုပ်ထားရှိပြီးဖြစ်ပါသည်။ ပျဉ်းမနားမြို့နယ် အတွင်းရှိ လယ်မြေကေပေါင်း နှစ်သောင်းကျော် အတွက် ရေလုံလောက်စွာ သုံးနိုင်သော တောင်သူလယ်သမား များ၏ အကြီးပြု ဆည်တခု အပါအဝင်ဖြစ်ပါသည်။

www.dhammaransi.com

ဖိတ်ဖိတ်စောင်း ဘုရားပျက်ကြီးအား
စတင်ဖော်ဆောင်ခြင်း။

ကျွန်တော်၏ဖခင် ကွယ်လွန်သူ ပြန်ကပြေးဒိုင်, သူကြီးဟောင်း ဦးအောင်ညွန့်သည် အင်္ဂလိပ်အစိုးရထံတွင် ဆည်ကြီးအား ငါးအင်း အဖြစ် လေလံရောင်းချခြင်းကို ကန့်ကွက်လျက် မြန်မာသက္ကရာဇ် ၁၂၀၄ ခုနှစ်အတွင်း၊ လူထုဖြင့် သွားရောက် ဆည်ဖိုလုပ်ကိုင်လျက် ရှိစဉ် ၎င်းဆည်အနီးရှိ ဆည်ကြီးခေါ်ကျေးရွာသည် လူနေအိမ်ခြေ ကျဉ်းကြပ်သဖြင့် ဖိတ်ဖိတ်ရောင်, ဘုရားအနီးရှိ ကုန်းမြတခုကို ခုတ်ထွင်ရှင်းလင်းကြပြီး သာယာကုန်း, ဟုအမည်ပေးလျက် ရွာသစ် တည်ထောင်ခဲ့ပါသည်၊ ထိုသို့ ရွာဘည်လျက် ကျေးရွာသားတို့မှာ အိုးအိမ်များ အသစ်ပြန်လည် တည်ဆောက်နေကြစဉ် ရွာနှင့် တဆက်တည်း တောင်ဘက်ကုန်းမြင့်ပေါ်တွင် သစ်ပင်ခြုံနွယ်များ အကြားဌ ဘုရားပျက်ကြီးအား မထင်မလျားတွေ့ရှိကြပါသော် လည်း မိမိတို့၏ ပြန်လည်ထူထောင်ရေး လုပ်ငန်းများကိုသာ လုံလ ပြုကြလျက် နေထိုင်ခဲ့ကြရာ လပြည့် ညတည် လူခြေတိတ်အချိန်၌ ဘုရားပျက်ကြီးရှိရာ ကုန်းပေါ်မှက်ငယ်အပေါင်းဆူညံသံကြောင့် ရွာသားများ ထကြည့်ကြသည့်အခါ ရောင်စုံလျှပ်စစ် မီးလုံးများ ကဲ့သို့ မြင့်ချီ နိမ့်ချီဖြင့် ဓါတ်မြေတ်မေ့သရီ ရောင်ခြည်တော် ကွန့်မြူးခြင်းအတွက် ငှက်ငယ်အပေါင်း ဝိုင်းရံမြူးထူးအော်ဟစ် လျက် ရှိခြင်းကို ဖူးမျော်ကြရပါသည်၊ နောက်နေ့နံက်လင်းသည့် အခါမှစ၍ ထိုသတင်းမှာ ပတ်ဝန်းကျင် ကျေးရွာများသို့တမှတ် ခြင်း ပျံ့နှံ့ကျော်ကြားသွားပြီး သူကြီး ဦးအောင်ညွန့်နှင့် ကျေးရွာ သားတို့သည် ခြုံနွယ် သစ်ပင်များကို ခုတ်ထွင်ရှင်းလင်းကြလျက် ဘုရားပျက်ကြီးအား တတ်နိုင်သမျှ ပြုပြင်မွမ်းမံကြပါသည်။

www.dhammaransi.com

ထိုဘုရားပျက်ကြီးမှ မကြာ မကြာ ရောင်ခြည်တော်များ ကွန်မြူးလျက်ရှိသဖြင့် အရပ်ရပ်မှ ဘုရားဖူးများ နေ့ညမလပ် ရောက်ရှိပြီး အထူးပင် စည်ကားခဲ့ပါသည်၊ ၎င်းနောက် ပြန်ကပြေးရှာနေမြဲပိုင်ရှင်, ဦးညိန်း-ဒေါ်မမကြီး သားသမီးတစုံ တို့က၊ ဘုရားဒါယကာခံယူလျက် ၁၂၀၉ ခုနှစ်အတွင်း၊ အဘယ သုပ္ပတိ ကုန်းတော် ဖိတ်ဖိတ်ရောင်စေတီတော်ဟူသော ဘုံတော်ဖြင့် စေတီတော်တည်ထားကိုးကွယ် ခဲ့ကြပါသည်။ ယခင်ခေတ်ကောင်းစဉ်အခါက တန္ဒစ် တကြိမ်ကျ တပ်တဲလအတွင်း ဘုရားပွဲတော်များ ကျင်းပပူဇော်ခဲ့ပါသည်၊ ယခုတိုင် တံဆောင်မုန်းလပြည့်နေ့ ညများ၌ ထိုဖိတ်ဖိတ်ရောင် စေတီတော်မှ ရောင်ခြည်တော်များ ကွန်မြူးခြင်းကို ဖူးမျှော်ခွင့် ဖူးမျှော်ထိုက်၍ ကြုံကြိုက်သူများ ဖူးမျှော်ကြရသည်ဟု ပြောဆိုကြပါသည်။

၁၉၄၀-ခုနှစ်ကစ၍ စစ်ဘေး စစ်ဒဏ်များ ဆက်ခါ ဆက်ခါတွေ့ကြုံခဲ့ကြပြီး သောင်းကျန်းမှု အန္တရာယ် နယ်ပယ်အခြေအနေ ခြေမ်းမှုမရှိခဲ့သဖြင့် စေတီတော်ကြီးအား ပြုပြင်မွမ်းမံနိုင်ခြင်း မရှိခဲ့ချာ ယခုအခါတွင် မြို့ရွာနယ်ပယ် ချမ်းသာယာလာသည်နှင့်အမျှ ဖိတ်ဖိတ်ရောင် စေတီတော်ကြီးအား ရွှေပြား သဃ်ာန်းတော်များ ကပ်လှူပူဇော်ရန်နှင့် ပျက်စီးချို့ယွင်းသည့် ဌာနများကို ပြုပြင်ရန် သာယာကုန်းကျေးရွာရှိ ဂေါပကအဖွဲ့နှင့် ပျဉ်းမနားမြို့ ရဲအဖွဲ့ကြီးမှ တိုက်ပိုင် ရဲမှူး, ဦးအေးဖေက ဦးစီးနာယကပြုလျက် ဂေါပကအဖွဲ့ကြီးကို ခိုင်မာစွာဖွဲ့စည်းပြီး ဖြစ်ပါသည်။

ဖိတ်ဖိတ်ရောင် စေတီတော်တည်ရန် ပန္နက်တော်စံသည့် အချိန်မှစပြီး ဘုရားကြီး ပြီးမြောက်အောင်မြင်သည့်အထိ ကြီးကြပ်စီမံ ဆောင်ရွက်တော်မူခဲ့သည့် ဘဝနတ်ထံ ပုံလွှန်တော်မူပြီဖြစ်သော ပြန်ကပြေးရွာ မှန်ကျောင်း ဆရာတော်, ဦးဥာဏိန္ဒ ရှာဖွေစုဆောင်း

www.dhammaransi.com

ရေးသားတော်မူခဲ့သည့်ဖိတ်ဗိတ်ရောင် ဘုရားသမိုင်းမှာ နှစ်ပရိစ္ဆေဒ ကြာခဲ့ပြီး ဖြစ်ပါသော်လည်း ကုသိုလ်ရှင်အမျှား စေတနာပဒုံးစိမ့် သောဌာဝင်း ပျဉ်းမနားမြို့ အနောက် ၂၄-မိုင်ကွာရှိ ရွေးအခေါ် (တောင်မြို) ယခုအခေါ် တောင်ညိုရွာကြီး၏ အထုပ္ပတ္တိနှင့် ဂုဏ်းကျေးရွာရှိ ဂန္ဓပလ္လင်ဘုရား စသည်တို့မှာ ကျိဖုတ်ဖုတ်ရောင် စေတီတော်သမိုင်းနှင့် ဆက်စပ်လျက်ရှိပါသဖြင့် ရှင်လူအမျှားသိစိမ့် သောဌာဝင်း မှန်မြတ်သည့်စေတနာဖြင့် ပြန်လည်ဓရုံးကူး ရိုက်နှိပ် ဖြန့်ဖြူးရခြင်း ဖြစ်ပါကြောင်း။

(၁) ကိုလေး (သူကြီး)
စံပြ, ပြန်ကပြေးရွာ၊
ပျဉ်းမနားမြို့နယ်။

ဗျာဒိဝ်၊

ပြည်သိုက်၊ တိုင်းသိုက်၊ မင်းသိုက်၊ မြို့သိုက်၊ စေတီပုထိုး အာမျိုးမျိုး အဖြာဖြာ သိုက်များစွာတို့ကို သူတော်သူမြတ် ပညာတတ်တို့ မှတ်သားထားကြံလေသည်၊ လူသုံးပါးတို့၏ဆရာသဖွယ်၊ မြတ်စွာသည် အနာဂတခေတ်ကာလ၌ ဖြစ်စ ပျက်ဆုံး သိမ်းကြုံးမိန့်မှာ ဟောကြားသည့် ဒေသနာတော်ကို " ဗျာဒိဝ်ဟု " ခေါ်ပါသည်။

သမိုင်း၊

သူတော် သူမြတ် ပညာတတ်တို့ သိမှတ်ယူဆ ဟောပြသည့်စကားများ မှတ်သား၍ ထားခြင်းကို " သမိုင်းဟု " ခေါ်ပါသည်။

www.dhammaransi.com

ရာဇဝင်၊

မင်းမျိုးစဉ်ဆက် နွန်းတက် နန်းကျ မှတ်သမျှကို "ရာဇဝင်ဟု" ခေါ်ဆိုလေသတည်း။

ယခုရန်သားလတံ့သော စကားအစဉ်သည် ရာဇဝင်၌ သမိုင်းဝင်၊ သိုက်ဝင်၊ ဗျာဒိဝင်ဝံ၌ ဤကဲ့သို့ လေးပါးသော အဒုဝ်များကို ဖေါ်ထုတ်ဖွေရှာ စုံးဆောင်းပါသဖြင့် သာသနာပသန သမိုင်းဟုခေါ်ဆိုသင့်ပါ၏ကြောင်း။

ဗု-ဓံ-သံ-နာ ရတနာသုံးတန် ပဏာမ အဟ်ဝန်ဒနာမိ။

ရှိုးပဏာမ ဝတ္ထုဂါထာပါဠိ ဗုဒ္ဓံ ဓမ္မဉ္စ ပုဇိတံ ခေတ္တံ သံဃဉ္စ ဂမ္ဘီရံ သဗ္ဗံ ဂုဏဉ္စ နတ္ထာဟံ ဣမံ ဂန္ဓံ မယံ လိခံ ပဏာမ ယောဇနာ အနံမှာ အဟံ ဉာဏိန္ဒ ဟု နာမဘွဲမည် ငါမထေရ်သည် ပူဇော်တံ လူနတ်ဗြဟ္မာ သတ္တဝါတို့၏ ပူဇော်ရာ ဖြစ်ခဲတော်မူထသော ဗုဒ္ဓဥ္စ ဂဂ်ါဝါဠဉ္စ၊ သဲစုမက ပွင့်ကြသီးသီး ဘုရားရှင် ကိုယ်ခံတော်မြတ်ကြီးတို့ကိုဝုင်း၊ ဂမ္ဘီရံ ပါဠိတော်၏ နက်နဲခြင်း အတွက် ယောဇနာ၏ နက်နဲခြင်း ဒေသနာတော်၏ အစဉ် နက်နဲခြင်း ပဋိဒဝဉာဏ်၏ နက်နဲခြင်းဟု ဆိုအပ်သော နက်နဲခြင်းလေးပါးတို့ဖြင့် ပြည့်စုံတော်မူထသော ဓမ္မဉ္စ တရား ဆိတော်မြတ်ကိုလည်းကောင်း ခေတ္တံ ကောင်းမှု ရေလောင်း မျိုးစေ့ပေါင်းကို၏ လယ်မြေကောင်းသဘွယ် ဖြစ်တော်မူထသော သံဃဉ္စ ထေရ်သမ်ားတော် အနုပါင်းတို့ကိုလည်းကောင်း သိပ်ပံတ-နပဲ့ပြင် ဆုမ္မသင်သော ပေါ်စဉ်ဆရာ ပုပ္ပါစရိယ ဓမ္မာစရိယ ဥပဇ္ဈာစရိယ ရှိသမျှ ဥဿုံ ကျေးဇူး ဂုဏ်တော်အပေါင်းတို့နှင့် ပြည့်စုံတော်မူကုန်သော ဂုဏဉ္စ ဆရာ သခင် အရှင်သူမြတ်တို့ကို

www.dhammaransi.com

လည်းကောင်း နတ္ထာ သန္ဓါရိုကြိုး လက်စုံမိုးခါ ရှိခိုးပါ၏။ နတ္ထာ ဤသို့ရိုကြိုး ရှိခိုးပြီးမှ ဤမံ ဓန္တံ ဤသို့တင့်ဆန်း သာသန ပဿန္နေ သမိုင်းကျမ်းကို မယံ ဉာဏိန္ဒ္ဓမည် ငါမြင်ထရံသည် လိခံ လီခါမ စုဆောင်းရှာဖွေ ရေးသားပါဒုံသတည်း။

(ပုံ) ဦးဥာဏိန္ဒ၊
မှန်ကျောင်း- ဆရာတော်၊
ပြန်ကာပြုရှာ။

နိဒါန်းပေါရှာ ဒေါတွင်ခြင်းအကြောင်း။

ဘုရားရှင် ဘွားမြင်တော်မမူမီ ရှေးကာလကပင် မစလ ရှာဟု အမည်တွင်လျက် စည်ပင်ပြန့်ပြောသည့် ရှာကြီးတရှာရှိခဲ့ လေ၏။ ထိုရှာ၌နေကြကုန်သော လူတို့သည် နတ်တို့ကိုသာလျှင် ယုံကြည်စွာ ကိုးကွယ်ကြသဖြင့် တအိမ်လျှင် နတ်ကွန်းတဆောင်စီ ဆောက်လုပ်ကိုးကွယ်လျက် နေကြကုန်သတည်း။

ဘုရားရှင်၏ ဘိုးတော် အဇုန မင်းကြီးသည် ဆရာဒေတ် ဒေဝိလ ရသေ့နှင့် တိုင်ပင်ပြီးခါ မဟာသက္ကရာဇ် ရှစ်ထောင့် ခြောက်ရာ လေးဆဲ့ငါးနှစ် (၈၆၄၅) ခုင်းသွေဖြစ်ခါ တိုးတက် လာသော ကောဇာနှစ်ခု ဥတု ဟေမန္တ တပို့ဆဲ့လတွင် ဇဉ္ဇူ။ ဒီပါ မြေမျက်နှာသို့ ရွှေစက်ဝါဖြန့်ခြိ လှည့်လည်တော်မူခဲ့ရာ တမှဒီပ တိုင်းမချက်ပွေသို့ ရောက်ရှိတော်မူလေခဲ့၏။

ယခု မိတ္ထီလာမြို့ရှိ မိတ္ထီလာကန်တော်ကြီး တူးဖေါ်ရန် နေရာကို သေချာစွာ ပန့်ကပြလျက် ဆည်ဖိုလုပ်ကိုင်ကြရန် အမိန့် တော်မူတော်မြီးမှ ဇတာင်မျက်နှာဥာနသီ လည်ကတော်မခဲ့ဏ

www.dhammaransi.com

မြစိမ်းတောင်အနီး မစလရွာကြီးတွင် ခေတ္တစံမြန်းတော်မူခဲ့လေ၏။ မစလရွာသားတို့၏ နေအိမ်တိုင်းတွင် ထူးခြားသည့် အပြုအမူများကို အဋ္ဌနမင်းကြီး မြင်တော်မူလေလျှင်အဘယ်သို့ ပြုကြပါသနည်းဟု အမေးတော်ရှိရာ နတ်ကွန်း နတ်စင်များဖြစ်ကြောင်း သံတော်ဦးတင်ကြသဖြင့် "ဤရွာသည်ကားနတ်ပေါရွာတည်း။" ဟု အမိန့်တော်ရှိခဲ့သည်ကို အစဉ်ပြုကြလျက် မစလရွာမည်ကွယ်ပြီး နတ်ပေါရွာ တွင်ရစ်ခဲ့လေသတည်း။

မင်းကြီး ကွချိတော်မူပြီးသည့်နောက် ခေတ္တ စံပယ်သော နန်းတော်နေရာတွင် ရွာကိုတဖန် ရှေ့ပြောင်း နေကြကုန်သဖြင့် (နန်းတော်ပေါ်ရွာ) အမည်တွင်ခဲ့ရာ ကာလကြာမှ နန်တပေါ်ရွာ ဟု ခေါ်ဝေါ်သမုတ်ကြပြန်လေသည်။

အဋ္ဌနမင်းကြီးသည် မဟာသက္ကရာဇ် ဖြိုပြစ်ပြီးနောက် ၆၈ ခုနှစ်မြောက်တွင် ကျွန်ုပ်တို့၏ ဗုဒ္ဓလောင်းလျှာ သိဒ္ဓိတ္ထ အလောင်းတော်မဟာကို ဖွားသန့်စင်လျက် သက္ကရာဇ် တရာ့သုံး (၁၀၃) ခုနှစ်ကြုံ ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့ဝယ် သုံးလူ့ထွဋ်ထား မြတ်ဘုရားအဖြစ်သို့ ရောက်တော်မူပါသတည်း။

ဘုရားဖြစ်ခါ ကိုးဝါရမှီ ကောသမ္ဗီဝယ် ဃောသိတာရုံ ကျောင်းရှေဘုံ ဆိုတတိယမြောက်ဒေသစာရီ ကွရောက်တော်မူစဉ် ခါဝယ် သုမန နတ်မင်းတောင်းပန်ခြင်းကြောင့် (သုမန) တောင် ထိပ်ဖျား ကျောက်လျားထက်ဝယ် ပါဒ, စက်တဆူ ချန်ငင်းတော်မူပြီး ဗမ္ဘူဒီပါ ကျွန်းမဟာသို့ ပြန်လည်ကြွမြန်းတော်မူခဲ့ရာ စူဠပုဏ္ဏ ဒါယိကာ ဆောက်လုပ်လှူဒါန်းသော သစရက္ခံ မွေးထုံ, ဂန္ဓာရုံ ရှေကျောင်း၌ ကိန်းဝပ်အောင်းစံပယ်တော်မူစဉ် နောက်တော်မကွာ အမြဲပါဝယ်သည့် (အာနန္ဒာ) မထေရ် ဆယ်လိလက်မြောက် လျှောက်တော်မူသည်မှာ မဟာသုဂတ အတုလဟု လေ့ကဆုံးထား

www.dhammaransi.com

မြတ်ဘုရား ဤသည်ဌာန ဤဒေသမှ လှည့်ကြွ ဒေသစာရီ အာဘယ်မည်သော နဂရသို့ မြန်းကြွတော် မူပါမည်နည်းဟု လျှောက်ကြားတောင်းပန် အသနားတော်ခံလေလျှင် ရှင်တော်ဘုရား ဗျာဒိပ်ထား၍ မိန့်ကြားတော်မူသည်မှာ ချစ်သားအာနန္ဒာ ငါ၏သာသနာသည် ရောင်ဝါတောက်ပ ဇနဉင်အနုဂဂတ ခေတ်ကာလ၌ စည်ပင်ပြန့်ပွားလတံ့သော ဘိုးဦးတောင်၊ သင်းပုင့်တောင်၊ မင်းဝံတောင်၊ တန့်ကြည့်တောင်၊ မန္တလေးတောင်၊ မြစိမ်းတောင်၊ ဗိဿိုဘောတောင် ဟူသော တောင်ထူး တောင်မြတ် ခုနစ်ရပ်သို့ ကြွတော်မူမည့်အကြောင်းကို မိန့်ကြားတော်မူပြီးမှ တမ္ပဒီပ တိုင်းဌာနသို့ ဒေသစာရီ ကွချိတော်မူခဲ့ရာ မြစိမ်းတောင်တော်ဖျားသို့ ဘုရားမြတ်စွာ ရောက်ရှိတော်မူခဲ့လေသည် ထိုအခါဝယ် ဇယန္တာနတ်မင်း ကြည်ညိုခြင်းသဒ္ဓါအဟုံကြောင့် နံ့သင်းယုံ ရတနာပလ္လင်ကို ပြုပြင်ဖန်ဆင်းလျက် သီတင်းသုံးစံနေတော်မူပါမည့် အကြောင်းအားဖြင့် လျှောက်ကြားလှူဒါန်းပါသတည်း။

(စကားချပ်)

★ ပျဉ်းမနားမြို့မှ အနောက် ၂၄ မိုင်ကွာ တောင်ညို ရွာကြီးအနီး ဂန္ဓပလ္လင်စေတီတော် ကျည်ရှိရာတောင်ကို မြစိမ်းတောင်ဟု ခေါ်ပါသည်။

မြတ်စွာဘုရား ဗျာဒိပ်ဖေးတော်မူခြင်း၊

ထိုမြစိမ်းတောင်တော်ဖျားရှိ နတ်မင်းလှူဒါန်းသည့် ဂန္ဓပလ္လင်ထက်ဝယ် ထက်ဝယ်ဖွဲ့ခွေ သီတင်းသုံးနေတော်မူပြီးလျှင် ဘုရားသခင်သည် နတ် လူ-ဘီလူး သုံးဦးသောပရိသတ်တို့အား သရဏကုံပဉ္စသီကိုတည်စေတော်မူပြီးမှ ဤဌာနဝယ် နှစ်ဉအခါက ဝက်ရာဇာဖြစ်တော်မူခဲ့ဘူးကြောင်း ဗျာဒိပ်စကား မိန့်ကြားတော်မူပြီးမှ ထိုမှတဖန် အဂိုဌာန တာချင့်ပေါင်းသော် တသောင်းကျော် အကွာ

www.dhammaransi.com

ဖိဿိဘောတောင်မဟာသို့ ကြွတော်မူပြီးလျှင် ဤဒေသတွင်လည်း နုစဉ်အခါက "ကြက်မင်း" ဖြစ်တော်မူဘူးကြောင်း ဗျာဒိပ်တော် စကား မိန့်ကြားတော်မူခဲ့ကြောင်းနှင့် တောင်ညီရွာရှိ ဂန္ဓပလ္လင် ဘုရားတည်ရှိရာ မြစိမ်းတောင် သာယာကုန်းရွာ ဖိတ်ဖိတ်ရောင် ဘုရားတည်ရာ ဖိဿိဘောတောင်တော်မျှားသို့ သက်တော်ထင်ရှား မြတ်ဘုရားကိုယ်တော်တိုင် ဒေသစာရီ ကြွတော်မူခဲ့ကြောင်း သာဓကမျှားတို့ဖြင့် ထင်လျှားစေပါသည်။

မြတ်စွာဘုရား ပြန်လည်ကြွသွားတော်မူပြီးနောက် မြစိမ်း တောင်တော်ရှိ ဂန္ဓပလ္လင်တော်ကို ဗုဒ္ဓဿ ပရိဘောဂ ဟူသော အာမှတ်ဖြင့် ဝိဇ္ဇာ၊ ဇော်ဂို တပသိန့်နှင့် နတ်, လူ, နဂါး, မျှားစွာ သောသော ရောနှောထင်ထင် ထိုပလ္လင်ကို ရိုသေညွတ်ခ ကိုးကွယ် ကြရကုန်၏။

(စကားချပ်)

ဖိတ်ဖိတ်ရောင်ဘုရားကြီး၏ အနောက်ဘက်ရှိ ပျဉ်းမနားမြို့မှ တောင်ညိုသို့သွားသည့် အစိုးရလမ်းကြီး၏ ဝဲယာတွင် ယခုတည် ရှိသည့် ကြက်ပြေးရွာ၊ ကြက်ဆူအိုင်၊ ကြက်စားမြို့ကျေ၊ ဘူးကွဲရွာ၊ တောင်တီးကျေးရွာ စသည်တို့မှာ တစပ်ထည်းလိုလိုပင် ရှိကြပါ သဖြင့် အလောင်းတော် ကြက်မင်းဘဝဝယ် ချွေရံသင်းပင်းမျှားနှင့် အစာရှာဖွေ စားသောက်ရာဌာနကို ကြက်စားမြို့ကျေ ဟူ၍ လည်းကောင်း ဆူညံစွာ ပျော်ပါးရာဌာနကို ကြက်ဆူအိုင် ဟူ၍ လည်းကောင်း ရန်သူနှင့်တွေ့၍ ပြေးခဲ့ရာဌာနကို ကြက်ပြေး ဟူ၍ လည်းကောင်း ခေါ်တွင်ပါကြောင်း။

ဒေဝဒတ်လောင်းမုဆိုးသည် အလောင်းတော်ကြက်မင်းအား ဖမ်းယူရန်လိုက်လံရာ ရေဘူးကွဲခဲ့သည့် ဌာနကို ဘူးကွဲဟူ၍ လည်းကောင်း ကြက်မင်းသည် ရန်သူ့ဘေးမှ အောင်မြင်စွာ

www.dhammaransi.com

လှည့်ပြေးခဲ့ရာဌာနကို (ပြန်ခါပြေး) မှ၊ ယခုအခါ ပြန်ကပြေးရာ ဟူ၍လည်းကောင်း ရန်သူ့ဘေးမှ လွတ်မြောက်ပြီးနောက် ရွှေဖေါ်သင်းပင်းဖြစ်သည့် ကြက်များအားစုဝေးရန် အသံပေးခါအတောင်တီးခပ်သည့် ငတောင်ကုန်းကို အငတောင်ဟီးမှ တောင်တီး ဟူ၍ တွင်ရစ်ကြောင်းဖြင့် သက်ကြီးများထံမှ ကြားသိရပါသည်။

ပြန်ကပြေးရာ ဗိဿိုဘောတောင်နှင့် ဖိတ်ဖိတ်ရောင်ဘုရား ကြက်ပြေးရွာ၊ တောင်တီးရွာ၊ ကြက်ဆူအိုင်ရွာ၊ ကြက်စားမြို့ကျော ဘူးကဲ့ရွာတို့မှာ ခရီးမဝေးလှပါသဖြင့် ဤသမိုင်းတွင်ပါရှိသည့် မြတ်စွာဘုရားကိုယ်တိုင်တော် ဒေသစာရီရောက်ရှိစဉ် ဗိဿိုဘော ဌာနတွင် နေစဉ်အခါက ကြက်မင်းဖြစ်ခဲ့ဘူးကြောင်း ဗျာဒိပ်ပေးခဲ့သည်ဟူသော အကြောင်းများကို ဆက်စပ်ကြည့်ရှုပါလျှင် အလွန်ပင် ဆီလျော်လှပါကြောင်း။

ဘုရင်ပေါ်ပေါက်ခြင်းနှင့်-မြို့နန်းတည်ခြင်း။

မြစိမ်းတောင်တော်အနီး နန်တပေါ်ရွာကြီးတွင် မြေပိုင်းသူကြီးဌ “ မယ်စောနန်း ” အမည်တွင်သည့် သျှီးတယောက်ထွန်းပေါက်လျက် ရှိခဲ့လေ၏။ မယ်စောနန်းသည် ရုပ်ဆင်းလက္ခဏာကြန့်, အင်္ဂါများနှင့် ပြည့်စုံရကား အ ခါ တ ပါ း ဝ ယ် ဝိဇ္ဇာမိုရ် ယောကျ်ားတဦးနှင့် ပျော်ပါးလေရာ သားတယောက်ထွန်းပေါက် ရရှိလေ၏။

ထိုသားသည် မောဂဇောက်ဟု အမည်တွင်လျက် ဘုန်းလက်ရုံးအာဏာနှင့် ပြည့်စုံသည့် ယောကျ်ားအာဇာနည်တဦးဖြစ်သဖြင့် အခါတပါးဝယ် ရောင်းရင်းသူငယ်ဖေါ်များနှင့် တောလယ်ကစား ပျော်ပါးသွားလာကြရာ ပြေးသွားသည့်သမင်ဖုံတကောင်ကို

www.dhammaransi.com

ညွှန်ပြလျက်အချင်းတို့ ဤသမင်ကား သေခြင်းကိုမသိ၍သာ ပြေးလွှားခါနေသည်ဟု ပြောကြားလေလျှင် ရောင်းရင်း သူငယ်ဖေါ်များက နာမည်ထူးလောက် မော့ဂဇောက် စိတ်နောက်သည့်ရောဂါအသင့်မှာရှိသလောဟု ဆိုကြကုန်၏။

ထိုအခါ တယောက်နှင့်အမျှား အငြင်းပွားကြလျက် ကျွန်ုပ်တို့ တမ်းလောင်းကစားမည် သင်တို့ကနိုင်လျှင် တရက်စီ လှည့်လည်၍ ငါကျွန်ခံမည် ငါကနိုင်လျှင် သင်တို့တတွေ့ ငါ့ကျွန်အားလုံးဖြင်ရမည်ဟု ကတိထားကြပြီး မော့ဂဇောက်က (အသင် သမင်ဖို့သည် ရောက်ရာအရပ်မှ အသက်ဝိညာဉ်ကင်းလျက် ငါ့အားစောင့်လေ့ဟု) အမိန့်ပေးလျက် ခြေရာကောက်၍ လိုက်ကြရာ သမင်သေကို တွေ့ရှိကြလျှင် အံ့ဘွယ်ရှိလောက် မော့ဂဇောက် ငါတို့ရှုံးချေပြီ ဆိုမြည်ကြလျက် မော့ဂဇောက်ထံ ကျွန်ရင်းခံကြရလေသတည်း။

ခုနစ်ရက်အကြာတွင် မော့ဂဇောက်သည် ကျွန်များဖြင့် သွားကြပြန်ရာ သမင်သေ၏အနီးသို့ ဆိုက်ရောက်ပြန်လျှင် ဤသမင်ကား ရှင်ခြင်းကိုမသိဟု ဆိုပြန်၏ ထိုစကားကို ကျွန်တို့ကကြားလျှင် အချင်းတို့ ဤမော့ဂဇောက်သည် ယခင်လောင်းတန်းကို သူနိုင်၍ ဒဏ်တတွေ့ သူ့ကျွန်ဖြစ်ခဲ့ကြရပြီ မဖွယ်ရာစကား ယခုတဖန်ဆိုတုံ ပြန်သည် သည်တခါမှ သင်းကို လှလှတော်လှန်ရတော့မည် ဆို၍ တဖန်လောင်းကြပြန်ရာ မော့ကဇောက်က သမင်သေအနီးမှ အာဏာပြလျက် ဟယ်သမင် အသက်ဝိညာဉ်ယခုဝင်၍၊ လျှင်စွာကြွကြွ အမြန်ထလော့ဟု ဆိုလေလျှင် သမင်သေသည် လျှင်မြန်စွာထလျက် ပြေးလေရာ နောက်ပါတို့မှာ နှစ်ကြိမ်တိုင် လောင်းတန်းရှုံးပြီး မော့ဂဇောက်၏ ကျွန်ရင်းများဘဝသို့ ရောက်ကြလေသတည်း။

ထိုသို့သော အခြင်းအရာကို မြစိမ်းတောင်ပေါ်ရှိ ရသေ့ကြီးကြွားသဖြင့် ခေါ်ခါစစ်မေး မျှော်ခေါ်တွေးလျက် လူသားမာန်

www.dhammaransi.com

မဟုတ်ဟု သိရသဖြင့် ထိန်းသိမ်းဖြောင်းဖျ နည်းနာပြလျက် တစ
မကျန်သင်ကြားပေးခဲ့ရာ တဆဲ့ရှစ်လနှင့်ပင် ယောဂါကြွားတို့အတတ်
ပညာရပ်များကို တဖက်ကမ်းခပ် တတ်မြောက်ခဲ့ပေ၏ ဆရာတော်
ရဒသ့ကြီးသည် ဖမော့ဂဇောက်၏ဇာတာ စန်းလဂ်များကို တွက်စစ်
ကြည့်ရှုရာ ဘုရင်ဖြစ်ထိုက်သည့်အခါ ကြုံကိုက်သဖြင့် ၎င်း၏ဘခင်း
ဝိဇ္ဇာဝိုရ်အား ခေါ်ယူဖိုင်ပင်လျက် မြို့နန်းဟည်ဆောက်၍ မှန်ကင်း
တပ်လျှင် မိုလ် ကြီးခွင်းသဖြင့် တပ်ပဒိပ တိုင် ကြီးအောင် ပါဒဂိုပုတ်
ဘုရင်၏အာဏာစက် နှံ့ဝည်ရာဌာန ပါဝင်ခြင်းငှာ့ ပြည်ပိုင်
မင်းထံ ခွင့်ပန်ခြင်းမပြုမီသဖြင့် နတ်တို့မနာလို ဖျက်သည့်အခကြောင်း
သိရှိရကား ဘခင်ဝိဇ္ဇာဝိုရ်နှင့် အကူအညီကိုယူခစလျက် ပါဟဂိုပုတ်
ဘုရင်မင်းထံ အမိန့်တော် သွားရောက်ခံလေရာ ပြည့်ရှင်မင်းက
အသင်ဖွားရာ နန်တပေါ်ရွာတွင် နန်တဒေပါမြို့ဟု သမုတ်ပြီးကာလ
မြို့တော်၏တံခါးမှ လေးပါးဒသာမျက်နှာ တာတဒသင်းဒေကွာ၌
နယ်သတ်သီးခြား တရားနှင့်အညီ မင်းလုပ်တော်မူရန် မိန့်မှတ်တော်
မူပြီး ထီးသုံးနန်းထိုက် ဖကိုး ခြေနင်း ဆင်မြင်း ပိုလ်ပါ မင်းခြောက်
တန်ဆာတို့နှင့်တကွ ဖမော်ယမြို့မှ ဆက်သလာသော မိဖုရားငယ်
သုပဘာဒေဝီနှင့် ထီမ်းမြားလျက် ရာဇဘိသိက်ခပ်နှပ်ခတော်မူပြီးလျှင်
ဝိဠုကတ်ဗေဒင် ကျမ်းကျင်လိမ္မာသော (ဝရသုဗေဒ) ခေါ်
အမတ်ငယ်ကိုသည်း ထည်အပ်တော်မူလိုက်သဖြင့် နန်တပေါ်မြို့ကို
ထီးနန်းထုံးစံမကျင်းကျနှင့်ဘဲ ထီးဖြူအုပ်ချုပ် မင်းလုပ်တော်မူလေ၏။

မြစိမ်းတောင်နှင့် ပိဋ္ဌိဘောတောင်များတွင်
စေတီတော်များတည်ထားခြင်း။

မော့ဂဇောက်မင်းသည် အာဇာတသတ်မင်းဖြိုကျင်းသကဲ့ရာဇ်
၁၄ဖြ ခုနှစ်၊ နယုန်လွန်း(၇)ရက် ၅တေးနေ့ဖွား သက်တော် ၂၄ နှစ်
သဏ္ဌာဇ် ၁၃၀ ပြည့်နှစ်တွင် မင်းပြုတော်မူ၍ နန်းစံ ၃၂ နှစ်

www.dhammaransi.com

သက်တော် ၅၆ နှစ်၊ သက္ကရာဇ် ၂၀၂၃ ခုနှစ် တွင်နတ် ပျံသွားတော်မူသည်။

သားတော် မော်ဇော်ကန္တမြင်း ဆက်လက်နန်းတက်၍ နန်းသက် ၁၅ နှစ်၊ ကြာသည့်အခါ ပါဘုိပုတ်ပြည့် ဓမ္မာသောကမင်းထံမှ ဓါတ်မြတ် ၃၇ ဆူ၊ အာသပြာတဆောင်စီကို အပ်တော်မူလျက် အမိန့်တော်ရှိသည်မှာ တရုထီးဆောင်းမင်း အပေါင်းတို့ မှတ်တော်မူရန် အသင်တို့၏ နိုင်ငံသို့ ဗျာန်ပျံမထေရ်ကြွလာပေမည် မထေရ်ညွှန်ရာ ထိုနေရာတွင် စေတီကြီးထား ကိုးကွယ်ကြစေရန်. သဝဏ်လွှာပါး၍ မိန့်ကြားတော်မူ၏ ၎င်းနောက် ဂန္ဓာရတိုးမထေရ် ကြွလာတော်မူပြီး ဓါတ်မြတ်စွာ အလောင်းတော်မဟာသည် နုစဉ်အခါက ဝက်မင်းဖြစ်စဉ် ပျော်ပါးကျက်စားခဲ့ဘူးသော မြစ်မ်ားတောင်နှင့် ကြက်မင်းဖြစ်စဉ် လှည့်လည်ပျော်ရွှင်စွာ စံတော်မူခဲ့ဘူးသော ဗိဿိုဘောတောင်တော်သို့ စေတီတော်တည်ရန် လွှဲအပ်တော်မူလေသတည်း။

နန်တပေါ်မြို့နယ်အတွင်း ကျရောက်လာသည့် ပန်းကန်နှစ်ဖြာကို မြစိမ်းတောင်တော်တွင် (၀ရသုဓမ္မာ) ခေါ် အမတ်တဦးအား စေတီတော်တည်ရန် လွှဲအပ်တော်မူ၍ (၀ရသုဗောဓ) အမတ်အား ဗိဿိုဘောတောင်တော်သို့ စေတီတော်တည်ရန် လွှဲအပ်တော်မူလေသည်။

မြစိမ်းတောင်တော်တွင် ၀ရသုဓမ္မာ, အမတ်စိမ်းသည်မှာ။

ဤတောင်တော်သို့ သက်တော်ထင်လျှားမြတ်ဘုရားကြွလာတော်မူစဉ် အခါက ဇယန္တာမည်ရှ နတ်ဒေ၀က လွှဒါန်းထားသည့် ဗုဒ္ဓဘသနဘုရားစံရာ ဂန္ဓပလ္လင်မှာခြုံ နွယ်ဖုံးလွှမ်း ဟောင်းနွမ်းလျက် ရှိရာတွင် ထပ်မံ ရှင်းလင်းခါ သရီယမါတ် မွေတော်မြက်ကို ကုံ

www.dhammaransi.com

ရွှေကလာပ်တွင်ပတ္တမြားဖြင့် စီချယ်မှုမ်းမံသော ကြုတ်တောင်တွင်းသို့ ထည့်သွင်းလျက် ဂန္ဓပလ္လင်ထက်ဝယ် စံပယ်တော်မူစေ၏။။

သတ္တဋ္ဌာန စံတော်မူခန်းကိုလည်း အစဉ်အတိုင်းထားရှိ၍ နှစ်ကျိပ်နှစ်ဆူကုန်သော ဘုရားရှင်တို့၏ ပုံတော်ကိုလည်း ရွှေစင်ကို သွန်းလုပ်လျက် ပါတ်လည်ထားပြီး ခမည်းတော် မောဂဇောက်မင်းမယ်တော် သုပဘာဒေဝီနှင့်တကွ မော်ဇော်ကန္ဒုမင်း မိဘုရားကြီးတို့၏ ရုပ်ပုံကိုလည်းကောင်း စတုမဟာရာဇ် နတ်မင်းကြီး လေးပါး သိကြားဗြဟ္မာ အစရှိသော ရုပ်ပုံတော်တို့ကိုလည်း ရွှေစင်ကိုသွန်းလုပ်၍ ပလ္လင်၏ ပါတ်လည်တွင်ထားရှိပြီး ပဋ္ဌာန်းကျမ်းကို ပျံ့ပြားတွင်ရေးကူးလျက် ဋ္ဌာပနာခြင်းအမှုကို ပြုလေသတည်း။။

ဤသို့ ဝရသုမမွာ, အမတ် စိမ့် ဆောင်ရွက်ခြင်းနှင့် ပဗ္ဗတော် ဓါတ်၏ ကြီးမြတ်သော ကြွက်သရေတော်ကို ဂုဏ်မျှော်ရသည့်အခါ မော်ဇော်ကန္ဒုမင်းကြီးသည် ဖရဏာဝိတိ ဂွမ်းဆီထိုသို့ လွန်အိထပ်ထပ်ရှိတော်မူပြီးလျှင် အမတ်ကြီးအားလည်း ပညာတတ် ကဝိတဆူဟူ၍ ဖန်တလဲလဲချီးကြူး၍ မဓုနိုင်ဘဲ ဆုလာဘ်များစွာဖြင့် ပေးကမ်း ချီးမြှောက်တော်မူလေသည်။

ဗိဒ္ဓိဘောဇတောင်တော်တွင် ဝရသုဗောဓ, အမတ်စိမ့်သည်မှာ။

ဝရသုဗောဓ, အမတ်မှာလည်း နောက်ပါငယ်သား လူအများဖြင့် ဗိဒ္ဓိဘောခေါ် တောင်တော်သို့ လာခဲ့ပြီး အရှင်မထေရ်ပဋ္ဌာန် ပြရာ၌ ဋ္ဌာပနာတွင်းအနက် ရှစ်တောင် တောင်မြောက် အရှေ့အနောက် ရှစ်တောင်စီ နံရံလေးဘက်မှာ သံပြားကာ၍ သံပြားအတွင်း ကြေးနီပြားကာလျက် ၎င်းအတွင်းခရုသင်းပမာ ဖြူလှစ္ဆာသော ဘော်သာခွာ ငွေပြားကိုကာပြီလျှင် အောက်အခင်းတွင်လည်း ကျောက်လှာ ကျောက်ချပ်တို့ကို ဆင်ဆပ်ချောမောစွာခင်းပြီးမှ ရွှေသည်းတိုင် နှစ်တိုင်ကို တလဲခြားကွာ ခိုင်ခန့်ဉာ

www.dhammaransi.com

တောင်မြောက် တည့်ဘည့်စိုက်ထူလျှက် ငွေသားအဝိုဖြင့်ပြီးသော ဘုမ္မဒေဝ ရုက္ခဒေဝ နတ်ရုပ်တို့က ဓါတ်တော်ကိုရှိခိုးဟန်မျက်နှာခြင်း ဆိုင်ခါ ရှိသည်းတိုင်မှာ ကပ်ထားလေသည်။

ကြေးနီ ထမ်းပိုးကိုလည်း ကျောက်မျက်ရတနာ အမျိုးမျိုး ဖြင့် စီချယ်၍ ရှိသားအတိုဖြင့် ပြုလုပ်သည့် ဧးယာဉ် ပုခက် တွင် ပြည်တန်ပတ္တမြား ကျောက်မျက်ရတနာများတို့ဖြင့် စီချယ်ထား သည့်ပြင် သတ္တဋ္ဌာန ခုနစ်ခမ်း အသီတိ ရှစ်ကျိပ် အင်္ဂဝိသ နှစ်ကျိပ် ရှစ်ပါးသောရုပ်ပွားတော်များကို ရွှေသားအတိဖြင့် သွန်းလုပ်လျက် ဌာပနာပြီးမှ မင်း၏ ဘိုးတော် ဘွားတော် ခမည်းတော် မယ်တော် မှစ၍ မိဖုရား သားတော် သမီးတော် အမတ် စစ်သူကြီးတို့၏ ပုံကို ကိုယ်အလေးနှင့်အမျှ ရွှေကိုသွန်းလုပ်၍ရင်း သိကြား ဗြဟ္မာ စတုမဟာရာဇ် စသောနတ်မင်းတို့၏ ရုပ်ပုံကိုလည်း ငွေကိုသွန်းလုပ်၍ ရင်း ဌာပနာတိုက်အတွင်းသို့ ထည့်သွင်းတည်ထားလေသတည်း။

နန်တပေါ်မြို့နှင့် ဗိဿဘောတောင်တော်စပ်ကြား ခရီး အကွာ တာတသောင်းခြားသဖြင့် လူဘသောင်းရွှေးကောက်သျှက် ခရီးလမ်းကိုပြင်ဆင်စေသည် ခရီးမှန်းဆ တသောင်း၊ တာအလယ်ကျ သော (စံလွှတ်ရွာ) မြေတိုင်းသူကြီး မောင်ရန်က, မိမိကျေးရွာ အနီး • စံလွှတ်ကုန်းတော်ပေါ်၌ သရီယဓါတ် မွေတော်မြတ်ဘို့ ကိမ်းဝပ်စံပယ်တော်မူရန် မဏ္ဍာပ်တော်နှင့် မင်းကွန်းစံနန်း အဆန်း အပြား ဆောက်လုပ်ထားလျက် သဲ ဖြူ ရာဇမှတ် ပင်ရှင်ငှက်ပျော တံခွန်ကြက်လျာ မြူတာ ဓရဲချမ်းအိုး ပန်းအမျိုးမျိုးတို့ကိုပါ မကျန်အောင် အထူးစီမံလျက် ဆင်စာမြင်းစာ ထင်းရှေအိုး ခွက် အထွေထွေ အရပ်ရပ် မလစ်လပ်ရအောင် စီမံဆောင်ရွက်နှင့်ရှင်။

သက္ကရာဇ် ၂၁၈-ခုနှစ်၊ ကဆုန်လွန်း [၁၄] ရက်နေ့ နေဝင် အကျော် တမောင်းမော်အခါဝယ် အောင်စည် ဓအာင်တပ်

www.dhammaransi.com

အောင်မောင်းခပ်လျက် အောင်တပ်ဆော်ဟီး အောင်စည်တီးခါ ပဿာဒုံမင်း ခရူသင်းနှင့် ခွက်ခွင်းတလီ ကြေးစည်ထမ်းပိုး မရိုးမွှတ်တီး မီးဒုံ မီးအုံ မီးပုံး မီးကြာ မီးများစွာတို့ဖြင့် ဝန်းကာ ရံပါတ် ဓါတ်တော်စံ ဇရပြဿဒ် ကို ရှေ့ဦးကပင့်ဆောင်လျက် မော်ဇော်ကန္ဒုမင်းတရား မိဖုရား သားတော် သမီးတော် မှူးတော် မတ်တော် စုံညီစွာဖြင့် ဓါတ်တော်မြတ်ကို ပင့်ဆောင်တော်မူခဲ့ရာ (စံလွတ်ရွာ) မင်းကွန်းနန်းသို့ ကဆုန်လပြည့်နေ့ နေဝန်းမပေါ်မီ ဆိုက်ရောက်တော်မူ၏။။

မင်းတရားကြီးလည်း အမှုတော်ထမ်း ဇေယျဝင်ရန်၏ စီမံထားပုံအလုံးစုံကိုမြင်သဖြင့် ဟဒယရွှင်ပြုံး နှုတ်တော်ကြည်လျှ မော်ဇင်ရန်အား ဆုလာဘ်များစွာဖြင့် ချီးမြှောက်တော်မူလေသတည်း။

မော်ဇင်ရန်နေသည့် စံလွတ်ရွာမှာ ကာလရှည်ကြာသဖြင့် (မောင်းရန်းရွာ) ဟု ခေါ်တွင်လျက် ပျဉ်းမနားမြို့မှ အနောက်မြန်မာ ၅ တိုင် အင်္ဂလိပ် ၁၀ မိုင် အကွာ တောင်ညို့ရွာသို့ သွားသည့် ကားလမ်းဘေး၌ ယခုတိုင်တည်ရှိပါသည်။

ဓါတ်တော် ခေတ္တတန့်နားသည့် စံလွတ်ကုန်းတွင်လည်း ပြေကြီးချမ်းသာစေတီတော်ဟူ၍ တည်ထားကိုးကွယ်ကြပါသည် ယခုအခါ (ဘုရားကုန်း) ဟု ခေါ်တွင်လျက်ရှိပါသည်။

ထိုကုန်းတော်မှ ကဆုန်လပြည့်ကျော် (၂) ရက်နေ့၊ နေစက်ခမ်းမှိ နေဝယ်ချိုး၍ နေခြည်ထွက်စ ဗိဿိုဘောတောင်တော်သို့ ကြွတော်မူခဲ့ရာ အင်းတာ ကောင်းကင် မိုးယံတိမ်ပြင်တို့သည် တိမ်ဖြူ-တိမ်ဝါ-တိမ်နီကာ၍ တိမ်ပြာ-တိမ်နက် မျက်နှာကျက်ပမာ ဖြန်းကာသို့ နေ့ယောက်ကိုမျှ မပေါ်ရအောင် ဓါတ်တော်

www.dhammaransi.com

ပင့်သူ ခပ်သိမ်းလူတို့အား ပိတ်ဖုံးကာဆီး မျက်နှာကျက်ထီးကဲ့သို့ ခရီးဝေးစွာ ကောင်းကင်ကပ်လာ၍ မင်္ဂလာဘုမ္မ ပဋိရူပ ဗိဒ္ဓိဘောဋ္ဌာနသို့ ညနာရီခေါ်လေးဗဟိုရှိကျောက်တွင် ဆိုက်ရောက် တော်မူကြွလေသတည်း၊

များစွာသော ပရိသတ်တို့ နေထိုင်ရန် အခန်းအနား များကို တင့်တယ်စွာ နေရာတကျစီမံ ခြင်း သရီယဓါတ် မွေတော် မြတ်တို့ကို ကိုးဝပ် စံပယ်တော်မူရန် အသင့်စီမံ ထား ခြင်း ပရသုဗဟ္မ, အမတ်၏ အလုံးစုံအရပ်ရပ် မလစ်လပ်ရအောင် စီမံ ထား ခြင်း တို့ အတွက် မော်ဇော်ကန္ဒမြင်းတရားသည် အထပ်ထပ် အလီလီ ချီးကြူး ဆထာပနာပြုလျက် ဆုလာဘ် များစွာ ချီးမြှင့်တော်မူလျက် အတိုးအက အဝဝ ပွဲသဘင်တို့ကို ဆင်ယင်ကျင်းပတော်မူစေပြီး သက္ကရာဇ် ၂၁၀-ခုနှစ်၊ ကဆုန် လပြည့်ကျော် (၄) ရက်နေ့တွင် ဓါတ်တော်များကို ရွှေးယာဉ် ဌာပနာတိုက်တော်တွင်းသို့ ထည့်သွင်းတော်မူပြီးမှ ဝရသုဗဟ္မ, အမတ်နှင့် သူကြီး, ဗေဒင်ရန်တို့အား စေတီတော်တည်မှန် ကိစ္စ အဝဝကို လွှဲအပ်တော်မူခဲ့ပြီး ပြည်တော်သို့ ပြန်လည်ကြွချီတော် မူလေသတည်း။

ဝရသုဗဟ္မ, အမတ်သည် အမိန့်တော်အတိုင်း စေတီ တော်ကို မဟာရံတံတိုင်းနှင့်တကွ လုပ်ကိုင်ပြီးစီးလျှင် ဘုရား၏ မြောက်မျက်နှာ အုဒ္ဓဂူလိုင်ကိုဟတည်ထား၍ ဂူဘွင်းဌ ကျောက်စာ ကမ္ဗည်းထွင်းလျက် ဖိတဲဖိတ် ရောင်လက် မြေပန့်ကဲ့ ဟူ၍ လည်းကောင်း ဗိဒ္ဓိဘောဝတောင်တော်ဟူ၍ လည်းကောင်း မြွေနိမဲဘီတောင်အမည်ကို နောင်ကြွရှည်ကာလ လျှား သော်လည်း နောက်သားတို့သိရှိရန်ကို အကွာရာတင်ခဲ့၏ဘုရား၏ အနောက်မျက်နှာတွင်လည်း ပဋ္ဌာန်းကျောင်း အာရုံခံ တန်ဆောင်ကြီးကို ခမ်းနားစွာ တည်ဆောက်ခဲ့၏

www.dhammaransi.com

ထို[နန်တပေါ်]မြို့နယ်အတွင်း ဘုရားသုံးဆူဂုတလုံးကား ဂန္ဓပလ္လင်ဘုရား၊ပြည်ကြီးချမ်းသာဘုရား၊ဖိတ်ဖိတ်ရောင်ဘုရားနှင့် ကျောက်စာ ဂူလိုဏ်တို့မှာ မော်ဇော်ကန္ဒုမင်းကြီး တည်ထားကိုးကွယ်ခဲ့သည့် သီရိခမ္မာ သောကမင်း၏ ဇစ်မြေပါင်းရှစ်သောင်း လေးထောင်တွင် အပါအဝင်များဖြစ်ပါသတည်း။

မော်ဇော်ကန္ဒုမင်း နန်းသက် ၂၀-နှစ်တွင် နတ်ရွာလားခဲ့ရာ သားတော် မောင်ဘိုသည် အရွယ်မရောက် ရှိခဲ့သဖြင့် တူတော်ကံနက်မင်း နန်းတက်ရ၏ တလအကြာတွင် ထိုမင်းမှာ ကျောက်ရောဂါဖြင့် ကံတော်ကုန်ပြန်ရာ ၁၄-နှစ် အရွယ် ရှိ မောင်ဘိုကိုပင် နန်းတင်ရလေသည် မောင်ဘိုသည် ဘုမင်အဖြစ် ခံယူလျက် တိုင်းပြည်အုပ်ချုပ်မင်းလုပ်ခဲ့ရာ သားတော်များ ထွန်းကားခြင်းမရှိဘဲ (မြနှင်းရည်—စောနှင်းရည်) ဟူသည့် သမီးတော်နှစ်ပါးသာလျှင် ထွန်းပေါက်ခဲ့လေသည်။

သမီးတော်အကြီး မြနှင်းရည်မင်းသမီးအား သရေခေတ္တရာ ပြည် ဘုရင်ထံ ပဏ္ဏာတော်ဆက်သွင်းလျက် မဟာမိတ်ပြုရသည် တရုံသောအခါ မြနှင်းရည်မိဖုရား၏ နားခွေင်းဌာ ကိမ်းအောင်း သော ဓါတ်မြတ်တော်သရီ ရောင်ခြည်တော်ကွန့်မြူးသည်ကို နန်းတွင်းသူအများထင်းလျားမြင်ရာ စုံးတောက်သည်အထင်ဖြင့် ဘုရင်ကို လျှောက်တင်ရာ ယုံကြည်တော်မူသဖြင့် ဒါဏ်ခပ်၍ နှင်လေလျှင် ရိုးမတောင်တန်း နွားလမ်းအတိုင်း ခမည်းတော် စံရာ နန်တပေါ်မြို့သို့ ပြန်လည်တော်မူခဲ့ရ၏။

ထိုစဉ်အခါဝယ် ပဲခူးမြို့နယ်အတွင်း ဆင်ဖြူ ဆင်ကျား ပေါ်သဖြင့် အမတ်ကြီး အမတ်ငယ် မင်းသားမင်းမြေး စသည် တို့သည် မိမိတို့တပ်စီး တပ်နင်းများနှင့်တကွ တောဝကြပြီး ဖမ်းစီးကြလေရာ သဝံကြီး သဝံငယ် မင်းသားညီနောင်တို့ တာမှ ဆင်များလွတ်ထွက်သွားသဖြင့် နောက်လိုက် ဗိုလ်ပါ

www.dhammaransi.com

မျှားဖြင့် ဆင်၏နောက်သို့ လိုက်ခဲ့ကြရာ တမ္ဗဒီပတိုင်းဝင် နန်တပေါ မြို့၏ နယ်သတ်မှတ်တိုင်နှင့် အုဋ္ဌဂုလိုင်ကိုမြင်၍ ဂုတ္တဉ်းရှိ ကျောက်စာကို ဖတ်ရှုကြလေရာ မိမိတို့နယ်ပယ်မဟုတ်ကြောင်း သိရသဖြင့် ဂု၏မြောက်ဘက် စမ်းချောင်းဘို ဆင်းသွားသည့် ဆင်ကို မြင်လျက်လည်း နယ်သွန်ပြီး စောကားရာရောက်ချေမည်ဟု မလိုက်ကြဘဲ ဆိုင်းငံ့ကြလျက် နယ်ရှင်ဘုရင်မောင်ဘိုထံ စာတမန်စေလွှတ်သည်မှာ။

ပြည်အစိုးရ မြို့အဓိပတိန် ပဏ္ဍာခံရ ရန်ဘက်ကင်းကွာ ပြည်ဟံသာ မြို့နဂရာမှ ဆင်ဖြူဆင်ကျား ထွက်ခေါ်ငြားချီ မင်းသားနောင်ညီ လိုက်လာသည်တွင် အာသင်စိုးပိုင် အုဋ္ဌဂုလိုင်နှင့် ကျောက်စာတိုင်ကို ဘုန်းလိုင်ပျံသင်း နောင်ညီမင်းတို့ မြင်လျှင်းသောခါ မလိုက်သာဘဲ ဖြစ်သည့်နဲကြောင့် ရပ်စဲငံ့လျက် ရှိချေသည်။

သို့ဖြစ်သည်ကြောင့် ဆင်ကိုလက်ရဖမ်းဆီး ဆက်သရန် အကြောင်း ပေးပို့သည့် စာတမန်ကို ဘုရင်မောင်ဘို တွေ့ရှိရာဝယ် အမျက်ဒေါသ ပြင်းစွာရှလျက် နန်းစံတွဲခြင်း နောင်ညီမင်းတို့ သင်တို့ထီးပိုင် ငါထီးပိုင်တည်း ဘုန်းပြိုင်အာဏာ မဆိုင်ရာကို သင်ထို့ဆိုသည် သို့ဖြစ်သည်တွင် ဘုန်းဝေရာဇာ သီးခံပါမည် ဆင်ကိုဖမ်းလျက် ငါမဆက်ဟု ပြန်ကြားလိုက်ရာ မင်းသားညီနောင်တို့မှာ ယမ်းပုံမီးကျ ဒေါသအမျက် ပြင်းစွာထွက်လျက် ကနက်ထီးဖြူ အရယူမည်ဟု ကြုံးဝါးကြပြီး စစ်သည်ဗိုလ်ပါများနှင့် နန်စာပေါ်မြို့ကို ဝင်ရောက် တိုက်ခိုက်သည့်အခါဝယ် ဘုရင်မောင်ဘိုသည် စစ်ရေးရှုံးနိမ့်လျက် အရှေ့တောင်တန်းသို့ ဆုတ်ခွာထွက်ခြေးလေရာ သဝံကြီးတပ်နှင့်တွေ့၍ ကွပ်မျက်သဖြင့် ဘုရင်မောင်ဘို နတ်ရွာလားရချေ၏။

www.dhammaransi.com

သဝံညီနောင်တို့သည် နန်တပေါမြို့ကို တိုက်ခိုက် သိမ်းယူပြီးနောက် မင်းသားအငယ် သဝံငယ်က ဘုရင်မောင်ဘို၏ သမီးတော် စောနှင်းရည်အား မိဖုရားမြောက်လျက် ထီးနန်းအုပ်ချုပ်မင်းလုပ်တော်မူလေသည်။

ဘုရင်မောင်ဘိုနတ်စိမ်းဖြစ်ပြီး မင်းချင်းတဦးအား ဝင်ရောက်ပူးကပ်လျက် နယ်စားများတောင်းခံရာတွင် အရှေ့တောင်တန်းမှ ဗပင် နတ်ကွန်းဆောက်စေလျက် ထိုတောင်ကို အပိုင်စားမှန် သဝံကြီး အမိန့်တော်မှတ်ခဲ့သဖြင့် မောင်ဘိုစောင့်တောင်ဟု အမည်တွင်ခဲ့ရာ ကာလရှေ့ကြာခဲ့၍ ဖိုးစောင့်တောင်ဟု ယခုတိုင်ခေါ်ဝေါ်လျက် ရှိကြလေသည်။

သဝံကြီးမင်းသားမှာလည်း ပဲခူးနန်းကို သိမ်းမြန်းစိုးစံတော်မူရသည့်အခါ ဆင်ကြားရှင်ဘဲ့ ရတော်မူလေသည်။

မောင်ဘိုစောင့်တောင်မှ (ဖိုးစောင့်တောင်) အမည်တွင်သည့်တောင်မှာ ပျဉ်းမနားမြို့၏ မြောက်ဘက် ၁၀ မိုင်ခန့် အကွာတွင် အရှေ့နှင့် အနောက်တန်းလျက် တည်ရှိပြီး ညီ.ညီ. မိုင်းမိုင်းဖြင့် ရန်ကုန်မှ မန္တလေးသွားမီးရထားလမ်း၏ လက်ဝဲဘက် ပျဉ်းမနားမြို့ အလွန်တွင် တွေ့မြင်ရသည့် တောင်တန်းကြီးဖြစ်ပြီး ရမည်းသင်းသစ်တောခရိုင် အပါအဝင် (ဖိုးစောင့်ကြိုးဝိုင်း) ဟု သတ်မှတ်ထားရှိပါသည်။

စောနှင်းရည်, မင်းသမီးသည်လည်း အမတော်စံရာသရေခေတ္တရာသို့ တမန်စာခွဲပို့လေသည်မှာ ခမည်းတော်သည် ပဲခူးဘုရင်၏သား သဝံညီနောင်တို့ လုပ်ကြံသဖြင့် နတ်ရွာစံပြီဖြစ်ကြောင်းနှင့် ညီမတော်မှာလည်း ရန်သူဖြစ်သည့် မင်းသား သဝံငယ်နှင့် ထီးနန်းစံနေရသဖြင့် စိတ်မချမ်းသာကြောင်း ဖြစ်ပျက်သမျှ အလုံးစုံကို ကုန်စင်အောင်ရေးသားလျှောက်ထားလေသည်။

www.dhammaransi.com

သရေခေတ္တရာမင်းမှာလည်း အထင်တော်မှားပြီး နှင်မိသည့် မိဖုရားနောက်သို့ ဗိုလ်ထုနှင့်တကွ အခေါ်တော်လိုက်ခဲ့ရာ ယခု ငါးလိုက်ခြောင်းဖျား ရိုးမတောင်တွင် မှီသဖြင့် အသင်မိဖုရား ငါမင်းမြတ်မှားခဲ့ပြီ တိုင်းပြည်သို့ပြန်လည်၍ လိုက်ပါခဲ့တဲ့ အဂ္ဂမဟာသိဘွဲ့ဆူးဖြင့် အထူးတလည်ချီးမြှောက်ပါမည်ဟု ကတိ ထားလျက် မိဖုရားအား တိုင်းပြည်သို့ ပြန်လည်ခေါ်တော်မူ၏။

မိဖုရားကလည်း စိတ်လက်ညှိုးနွှမ်း အထူး ပင်ပန်းလျက် ရှိလေသဖြင့် အကျန်ုပ်သည် တိုင်းပြည်သို့ မောင်တော်နှင့် အတူ ပြန်လည်သိုက်နိုင်ပါစာ ဤပန်းသည် မညှိုးနွမ်းပါစေနှင့်ဟု သစ္စာ ပန်းကိုစိုက်လေသည်။

ထို့ပြင်တဖြာ ရာဇာသခင် ဘုရင်မင်းထံ လိုက်နိုင်မည်မှန်ပါ က ကျန်တော်မ၏ လက်ဖြင့်ယက်သောရေသည် လုံးဝမထွက်ဘဲ ရှိပါစေ မလိုက်နိုင်ပါလျှင် လက်နှုတ်သည်နှင့် တခဏခြင်း စီးဆင်း ထွန့်ထွက်လာစေသတည်းဟု သစ္စာဓိဋ္ဌာန်ပြု၍ မြေကိုလက်ဖြင့် ယက်သည်တွင် ရေသည်လက်နောက်က ထွန်လိုက်လာဖြီး စမ်း ချောင်းသဖွယ် တမှတ်ပိတိုင်းနှင့် ရာမည နှစ်တိုင်းအကြား စီးဆင်း သွားလျက် လကျိုဘက်ဌာန တောဘက်သို့ဖြက်ပြီး အရှေ့သို့ စမ်း ချောင်းတသွယ် စီးဆင်းသွားလေသည်။

ထိုသို့အခြင်းအရာများ ဖြစ်ပေါ်ပြီးနောက် ညီမတော် စောနှင်းရည့်က ဆက်သလိုက်သည့် သဝဏ်စာလွှာကို ဖတ်ရှု ရသည့်အခါ ခမည်းတော် နတ်ရွာလားကြောင်း သိရှိရပြန်သဖြင့် အဖနှင့်ဝေးရကြောင်း ငြီးညူဘသလျက် နှလုံးကွဲ၍ ကံတော်ကုန် လေသည် သရေခေတ္တရာဘုရင်မင်းသည် ချစ်လှစွာသော မိဖုရား အလောင်းကိုကောင်းစွာသင်္ဂြိဟ်လျက် လွမ်းစေတီတည်ခြင်း မိဖုရား အဓိဋ္ဌာန်သစ္စာပန်းညှိုးနွမ်းသည့် အဖြစ်ကြောင့် စွန့်ပြစ်ကြမြှောက် စမ်းရေပါက်သည့်ဌာနကို ပန်းညှိုးစမ်းဟူ၍လည်းကောင်း လက်ဝဲ

www.dhammaransi.com

ဘက်သို့ စီးဆင်းသည့် စမ်းငချောင်းကို လက်လိုက်ချောင်းဟူ၍ လည်းကောင်း လက်ျာဘက်သို့ စီးဆင်းသည့်ချောင်းငယ်ကို ဖဝေးချောင်းဟူ၍လည်းကောင်းအသီးသီးကမ္ဘည်းမေဝံကွန်းစိုက်ဆူလျက် စိတ်နှလုံးမသာစွာဖြင့် တိုင်းပြည်သို့ တပ်ဒတ်ခေါက်၍ ပြန်လည်ငတ်မူခဲ့လေသတည်း။

အမှာ။

ပျဉ်းမနားမြို့နှင့် ရွာကောက်အကြားရှိချောင်းမှာ ထို စည်အခါက လက်လိုက်ချောင်း အမည်တွင်ခဲ့ရာ ကာလရှေ့လျှောခဲ့သဖြင့် ငါးလိုက်ချောင်းဟု ခေါ်တွင်ပါသည်။

ဖဝေးချောင်းဆိုသည်မှာလည်း လယ်ဝေးမြို့နယ် ရှမ်းစုကြီးရွာအနီးရှိ ချောင်းဖြစ်၍ ကာလရှေ့ကြာသဖြင့်(ပဒေလွေးချောင်း)ဟု အမည်နာမပြောင်းလဲခေါ်ဝေါ်လျက် ပန်းညှိုးသည်ဌာနစမ်းပေါက်ရာအရပ်ကို ပန်းညှိုးစမ်း (ယခုပန်းညိုစမ်း) ရွာကြီးအဖြစ် လယ်ဝေးမြို့နယ်အတွင်း တည်ရှိလျက်ဖြစ်ပါသည်။

နန်းဘေပါမြို့မည် ကွယ်ပျောက်ခြင်းနှင့် နောင်ညီတို့ဟု ခေါ်တွင်ခြင်းအကြောင်း။

သဝဏ်ငယ် နှုန်းစံ ၂၅ နှစ်ရှိလျှင် နတ်ရွာစံတော်မူသဖြင့် သားကြီး, မင်းလှရာဇာ နန်းတက်၏ ငါးလမျှသာကြာရှိပြီး သူပုန်များထကြ ဆောင်းကျန်းသဖြင့် နှိမ်နင်းရန်ထွက်တော်မူရာ၌ အဓရေးနှိမ့်ပြန်သဖြင့် ညီဖတော်သမိတ္တရာဇာ နန်းတက်၏။

ထိုမင်းသည် အသိညာဏ် အမျှော်အမြင် နဲပါးသည့်ပြင် ယုတ်မာညစ်ညမ်းသည့်စိတ်နှလုံးရှိဖလရကား မြို့တံခါးမှ ထွက်ဖတော်မူပြီးလျှင် ရာဇပရိယာယ်ဖြင့်မှူးမတ်များအား ထွက်ပြီးသည့်တံခါးမှ တဖန် ပြန်လည်၍ ဝင်အပ်ပါမည်လောဟု အမေးတော်ရှိခြင်းကို

www.dhammaransi.com

မှူးမတ်များက ၎င်း၏ ပရိယာယ်ကို နားမလည်ကြသဖြင့် ဝင်တော်မူသင့်ကြောင်း သံတော်ဦးတင်ကြလေသည်ကို ကောင်းပြီ မှူးတော်မတ်တော်များ နောင်အခါသော် ထပ်လောင်းနည်းနာ ပြင်ဆင်တင်လျှောက်သူပေါ်လာက ရှေးဒါးနှင့်လတ်လတ် ကားတင်၍ သတ်မည်ဟု မိန့်တော်မူတော်လေ၏။

မှူးမတ်တို့လည်း ထူးဆန်းသည့်စကားပရိယာယ်ကို နားမလည်ကြသဖြင့် မင်း၏မယ်တော်ထံ ချဉ်းကပ်လျှောက်ထား စုံစမ်းကြရကုန်၏ မယ်တော် စောနှင်းရည်မိဖုရားမှာ ရာဇပရိယာယ်ကို နားလည်သဖြင့် သလွန်ညောင်စောင်းထက်ဝယ်စက်တော်မခေါ်နိုင်မပျော်မိုင်တွေ့ ရှိလျက်နေရာ မင်းသားလာသည်ကိုမြင်လျှင် ကြာခြည်ကိုချလျက် အကျွန်ုပ်သည် မိစ္ဆာစရကကံကို လုံခြုံစွာဆိမ်းသိမ်းခဲ့ခြင်းမှန်ပါက ဤကြာခြည်သည် မချိမရဘဲ ကျောက်တိုင်ကျောက်ခဲသို့မြဲစေသတည်းဟု သစ္စာဓိဋ္ဌာန်ပြုလျက်နေ၏ မင်းသားလာ၍ ကြာခြည်ကိုမလေသော် ကျောက်တံတိုင်းကဲ့သို့ တည်ငြိမ်သဖြင့် ရာဇမာန် ယစ်မူးလျက် လက်သုံးတော်ဒါးဖြင့် တအားခုတ်သော်လည်း မစုတ်မပြတ် သံကျောက်အလားသို့ ဒါးများသာကြိုးပဲ့လျက်ရှိခြင်း၏ မယ်တော်သည်လည်း ကြာခြည်အတွင်းမှ နေပြီးတရားဓမ္မဖြင့် ပြသဟောပြောသော်လည်း မင်းသားမှာ ယမ်းပုံတွင်ကျသည့်မီးပမာ ကာမဂုဏ် ရတက်မီးတောက်လျက် နားမထောင်ခြင်းသို့ရောက်လေရာ မိဖုရားအား လျှို့လေရကား အဓိဋ္ဌာန်ကြာခြည်သည် လေခြည်လွှင့်ပျောက် မှားခြင်းသို့ ရောက်ခဲ့လေ၏ ထိုတခဏတွင် နန်တပေါ်တမြို့လုံး တောင်ဖုံး၍ အမြှိုခံရလေသတည်း။

ထို့နောက် တောင်မြို့ဟု ခေါ်တွင်ခဲ့ရာ ကာလရှည်ကြာခဲ့သဖြင့် တောင်ညီ၊ဟု ယခုတိုင် ပျဉ်းမနားနယ်စွန် အနောက်မြောက် ၉ ဝန တွင် ထင်လျားသည့် တောင်ညီ၊ရွာအဖြစ် တည်လျက်ရှိပါကြောင်း။

★ အဇာတသတ်မင်း ဖြိုကျွင်းသကွာရာဇ ၃၁၅-ခုနှစ်တွင် မြို့ပျက်သည်ဟု ဆိုပါသည်။

www.dhammaransi.com

ဒိတ်ဒိတ်ရောင်ဝေတီတော်အား ဒုတိယအကြိမ်ပြန်လည် ဖူးမြင်သည့် သူဌေးယောင် အမတ်ကြီး အထုပ္ပတ္တိ။

ဟံသာဝတီ ဓမ္မစေတီမင်း၏ သားတော်, ဗညားရမ်းမင်း သည် ဟံသာဝတီ ရွှေနန်းကို သိမ်းမြန်းစိုးစံတော်မူရာတွင် အလွန်ပင် စိတ်နှလုံးခက်ထန် အမျက်မာန် ကြမ်းကြုတ်သဖြင့် မင်းညီ မင်းသား မှူးတော်မတ်တော် ဆွေတော် မျိုးတော်များကို အပြစ် ကြီးငယ် ရွေးချယ်ခြင်းမပြုတတ်ဘဲ တရားမဲ့ ကုပ်မျက်သတ်ဖြတ် ခြင်းကြောင့် အလွန်ထိတ်လန့်စွာ ခစားကြရကုန်၏။

ထိုမင်း၏ဘေးတော် ရာဇာဓိရာဇ် မင်းလက်ထက်တော် အခါဝယ် ပိုင်တရော်ရွာတွင် ဖွားရာဇာတိ တထီးအမည်ရှိသော သူဌေးသည် ပိဋကတ် ဗေဒင် ကျမ်းကျင် လိမ္မာရေးခြားရှိသဖြင့် ရှင်စောပု ဘုရင်မကြီးလက်ထက်တွင် အမတ်ကြီးသက်တော်ရှည် ခန့်ထားလျက် ပြည်ထဲရေးရာ အဖြာဖြာကို တိုင်ပင်နှီးနှော သူကောင်းပြုခြင်းခံရသဖြင့် (သူဌေးယောင်) အမတ်ဟူ၍ အရပ်ရပ် တွင် ကျော်ကြားလျက်ရှိပေ၏။

ဗညားရမ်းမင်း နန်းတက်သည့်အခါဝယ် အမတ်ကြီးမှာ စိတ်နှလုံးမချမ်းသာ မျှားစွာရှိရကား ဤကြမ်းကြုတ်ရက်စက်သည့် မင်းအပါးမှာ ခစားရှိမသင့်ပြီ အခွင့်လျော်စွာ တိမ်းလွှဲခါဖြင့် မြန်မာဘုရင်ထံ ထွက်ပြေးရန် အကြံပြုလျက်နေ၏၊ ထိုချိန်ခါဝယ် အင်းဝပြည်မှာလည်း ရွှေနန်းကျော့ရှင် ဘုရင်နရပတိသည် တရား နှင့်အညီမင်းပြုလျက်ရှိကြောင်းကို ကြားရသဖြင့်ဆွေမျိုးသားချင်း လူဦးရေ သုံးဆဲ့နှစ် အိမ်ထောင်ခန့်နှင့် ဖယ် ရှောင် ထွက် ပြေး ခဲ့လေ၏။

ဟံသာဝတီပြည် ဓမ္မစေတီမင်းလက်ထက်တွင် ဝိနည်းတရား တော်၏ မလ ဘတ ဖြစ်သော သိမ်ကို ဆီးဖြတ်စီစဉ်၍ ကိုးကယ်

www.dhammaransi.com

ထားရင်းရှိသော ရဟန်းတော်ကြီးများကို သိဟိုဠ်သို့ ပို့ဆောင်ပြီး သိင်္ဂီသစ်တင်တော်မူစေ၏ ထိုဃိုသိင်္ဂီသစ်တင်ပြီး ပြန်လာကုန်သော ဆရာတော်များထံတွင် သိင်္ဂီသစ်တင်သော အရှင်စန္ဒာဝရမထေရ်သည် တပည့်တပန်း ရဟန်း ပရိသတ်တို့ကို ခဲ့ခဲ့ ၁ လျှက် သပိတ်သင်္ကန်းများကို ယူဆောင်ပြီး ကေဇာအကျင့်ဖြင့် ဒေသစာလှည့်ခဲ့ရာ နန်တပေါ်ခေါ် တောင်ညိုအရပ် အရှေ့တောင်ရှိ နယ်သတ်မှတ်တိုင် အုဋ္ဌဂလိုင်နှင့် စေတီတော်၏ မြောက်ဘက်တွင် သမထ အာရဏ်ခံတန်ဆောင်းကြီး၌ သီတင်းသုံးလျက် ပြ။ကမ်းယံလူမျိုးများထံမှ ဆွမ်းခံမှီတင်းလျက်ရှိလေ၏။

ဟံသာဝတီပြည်မှ တိမ်းရောင် ထွက်ပြေးလာခဲ့သည့် သူဌေးယောင် အမတ်ကြီးနှင့်တွေ့ဆုံမိကြပြီး ဝမ်းမြောက်ရွှင်မောဟောပြောတိုင်ပင်လျက် ဗိဇ္ဇိဘောအရပ်တွင် အာနန္ဒာရာယ်မရှိသည်ကို မြော်မြင်ချင့်ချိန်လျက် ပြ။ကမ်းယံလူမျိုးတို့ကို စုစည်း၍ မဟာဂါမကြီး တည်ထောင်ကြလေသည်၊ သူဌေးယောင် အမတ်ကြီးမှာလည်း ရတနာသုံးပါးကို ယုံကြည်မြတ်နိုးသူဖြစ်ရကား အထက်ကာလ နန်တပေါ်မြို့ ဒုတိယဘုရင်မော်ဇော်ကန္ဒုမင်း တည်ထားကိုးကွယ်ခဲ့သော ဖိတ်ဖိတ်ရောင် စေတီတော်နှင့် နယ်သတ်မှတ်တိုင် အုဋ္ဌဂလိုင်တို့မှာ ကာလမြင့်ရှည် ပြိုပျက်ဟောင်းနွမ်း ဆူးခြုံများဖုံ.လွှမ်းလျက် ရှိနေသည်ကို ခုတ်ဖြတ်ဖယ်ရှားး တူးဆွသုတ်သင်ကြပြီးလျှင် ဌာပနာအနက် ၁၈ တောင်အမြင့်ဝါးတောင်ရှိသည့် သလဲဖြူနှင့်ပြီးသော ပြဿာဒ်အတွင်း၌ သီဟိုဠ်ကျွန်းမှ ပင့်ဆောင်လာခဲ့သည့် ဓါတ်မြတ်တော်တဆူ သုဝဏ္ဏဘုမ္မိ သထုံပြည်မှ ပင့်ဆောင်ရရှိခဲ့သည့် ရွှေအဆင်းရှိ ဓါတ်မြတ်ဝေးဆူ ပဲခူးမြို့မှ ပင့်ဆောင်ခဲ့သည့် ပဲနောက်လုံး ပမာဏဖြစ်သောအဆင်းရှိသည့် ဓါတ်မြတ်လေးဆူ ပေါင်း ၉ ဆူ (ကိုးဆူ) တို့ ရတနာဂူရှေ့ကြေးတိုက်ကင်းသို့ ထည့်သွင်းပြီးမှ ရွှေ

www.dhammaransi.com

တို့ ထားခဲ့သော ရွှေးယောဉ်ပေါ်တွင် တရနာ ကိုးပါးတို့ဖြင့် စီချယ်အပ်သည့် ပြဿာဒ်တော်ကိုတင်လျက် ဌာပနာပြီးလျှင် စေတီတော်ကို ပြန်လည် တည်ထားကိုးကွယ်ကြလေသည်။

ရှေးကျောက်စာကို ရှာဖွေတွေ့ရှိရသဖြင့်လည်း မူလကျောက်စာအရ ကုန်းတော်ကို အာဘယ သုပ္ပတိကုန်းတော်ဖိတ်ဖိတ်ရောင် စေတီတော်ဟူ၍ ဘွဲ့မည်တော် တွင်လေစေသတည်း စေတီတော်၏ ထီးတော်ပါးဦ ရုပ်ပွားတော်အသွင်ကို မကြာမကြာ ဖူးမြင်ကြရကုန်၏ ဘုရား၏ တောင်မျက်နှာတွင် ဗိဿိုဘောဟူသော ရှာငယ်ရှိပြီး အနောက်အရပ်တွင် လူနေအစုစုများစွာရှိ၏ မြောက်အရပ်တွင် အရှင်စန္ဒာဝရ မထေရ်၏ ကျောင်းရှိပြီးလျှင်စေတီတော်သို့ ကူးသန်းသော မြေစောင်းတန်းရှိ၏။

ထိုစောင်းတန်းဦးဘုရား၏ ရင်ပြင်တော်၌ သာသနာစောင့်နတ်မင်းအား အုဒ်ဂုလိုင်နှင့် ကိုးကွယ်၏ ကျောင်း၏ အနောက်မြောက် တာ, ခြံဝန်းဆယ်ကွာတွင် အိမ်ခြံနှစ်ရာကျော်ဖြင့် “ အမတ်ကြီးရွာ ” တည်ရှိလေသည်၊

အရှေ့တောင်အရပ်တွင် ရေလွှမ်းမိုးသဖြင့် လူတို့မနေနှင့် အင်းအိုင်တို့များပြားလျက် လယ်ယာအနည်းငယ်မျှ လုပ်ကိုင်ကြမလေသည်၊

ကျောင်း၏မြောက်ဘက် စမ်းချောင်းထိပ်ဦး၌ အရှင်စန္ဒာဝရ မထေရ် ဝါတွင်းသုံးလ ဆောက်တည်သော တောကျောင်းရှိရာ ၎င်းကို ရုက္ခမူတောင်ဟုခေါ်သည် အရှင်စန္ဒာဝရ မထေရ်စုတေ မည်ရှိရာ နတ်တို့ ကိုယ်တိုင်ပြလျက် တရားဟောတော်မူပါ တောင်းပန်လာ၍ မထေရ်သည် ဝေဒနာ သတိပဋ္ဌာန်ကို ပွားလျက် သခေါ်ပနယ အဘိဓမ္မာနှစ်ဆဲ့လေးပစ္စည်းကို ဟောသဖြင့် နတ်တို့ သာဓု သုံးကြိမ်ခေါ်ပြီး ကိုယ်သည့်အခါ အရှင်စန္ဒာဝရမထေရ်

www.dhammaransi.com

တပည့် ဇောတိပါလ ပဉ္စင်းပျိုဆက်ခံ၍ ဘရာဇတော်ကို ကောင်းစွာ သင်ကြိုဟ်ခြင်းအမှုပြုပြီးလျှင် ရက္ခမူတောင်တွင် အရိုးစေတီပြုတော်မူ၏၊ ထိုအခါဝယ် သက္ကရာဇ် ဂ၅၇-ခုနှစ်ရှိပြီ ဖြစ်ကြောင်း စာဟောင်းများတွင် တွေ့ရှိသောဟူ၏။

ဘုရားပျက်များကို ပြုပြင်ရသည့် အကြိုးတရားကို ဝဋ္ဋသာဓကဖြင့် ပြုပေဟုံး။

ကျွန်ုပ်မှာမှ ပြန်လှန်ရေတွက်ခဲ့သည်ရှိသော် ကိုးဆယ့်နှစ်ကမ္ဘာထက်က ဖုဿဘုရား ထင်ရှားဖြစ်တော်မူလေ၏။

ထိုဖုဿဘုရား သာသနာတော်အတွင်း တကာတယောက်သည် ဇောကြီးအလယ်တွင် ဆင်မျာဖျက်ဆီးသဖြင့် ခြုံနှယ်ပိတ်ပေါင်း ဆူးများ အုပ်ဖုံးနေသည့် ဖစေတီပျက်တဆူအား ဝတ္ထုမြင်ရသည့်အခါ ဘုရားသခင်၏ ဂုဏ်တော်ကို နှလုံးသွင်းလျက် ရှင်းလင်းပယ်ဖြတ် သင့်လျော်လျောက်ပတ်အောင် အုဒ္ဓအင်္ဂတော့်ဖြင့် ချောမော သပ္ပါယ်စွာ ပြုပြင်ခဲ့ဘူးသော ကောင်းမှုကံ စေတနာတို့ကြောင့် သေလွန်သည့်အခါ စကြဝဠာမင်း တဆဲ့ခြောက်ကြိမ် လူ့စည်းစိမ် နတ်စည်းစိမ်များကို ကြိမ်ဖန်များစွာ ခံစားစံစားပြီးမှ အဆုံးဘဝတွင် ရှင်တော်ဂေါတမမြတ်စွာ လက်ထက်တော်အခါဝယ် ပဋိသမ္ဓိ စသော ဂုဏ်တို့နှင့်ပြည့်စုံစွာ ရဟန်းဖြစ်လာ၍ ရှေးရှေးသော ဘဝကဘုရားပျက် စေတီတော်ပျက်အား ပြင်ဆင်ခဲ့ဘူးသော ကောင်းမှုကြောင့် (ခဏ္ဍပုလိယ) မထေရ်ဟု ထင်လျားဖြစ်၍ နိဗ္ဗာန်သို့ ရောက်တော်မူဘူး ကြောင်း အပါဒါန်ပါဠိတော်၌ လာသည်။

ယင်းသို့ ဘုရားဟောတော်မူသည်ကို နှလုံးသွင်း၍ ဘုရားပျက်ကို ပြင်သောသူတို့မှာလည်း ခဏ္ဍပုလိယ မထေရ်ကဲ့သို့ နိဗ္ဗာန်ရောက်သည်မြတ်သိ လမ်းတက်နှင်ကြပါစေကုန်သတည်း။

www.dhammaransi.com

သုဝဏ္ဏဘူမိ — သထုံနေပြည်တော်သို့

ရဟန္တာသခင်, ရှင်အရဟံကြွလာတော်မူစဉ်

ဆိုးမြင့်ပေးသနားတော်မူခဲ့သော

လောကီ—လောကုတ္တရာ နှစ်ဖြာအကျိုး ပွားတိုးရာမှန်

ရှင်အရဟံ ၏

ပုတီးစိပ်နည်း နိဿည်းနှင့် ၎င်းပေါ်ပေါက်လာပုံ အကြောင်းစုံစာတမ်း။

စစ်ကိုင်းမြို့ တောင်ခြေ၊ တခုသောချောင်၌ အမည်အားဖြင့် မကျော်ကြားလိုသော ဆရာတော်တပါး တရားအားထုတ်တော်မူနေစဉ်၊ တနေ့သောအခါ ညနေ ၅-နာရီခန့် အချိန်တွင်၊ အသက်အရွယ်အားဖြင့် (၃၀) ရှယ်ရှိ၊ ရုပ်ရေ ရူပကာယ တင့်တယ်သော မိန်းကလေးတဦးသည် ကျောင်းတိုက်သို့ ဝင်လာသည်ကို ဆရာတော်သည် အဝေးမှ တွေ့မြင်လေရာ၊ ဝိသဘာဂ အာရုံဖြစ်၍ စကား မပြောလိုသဖြင့် ကျောခိုင်း မျက်နှာလွှဲပြီးနေတော်မူ၏။ ထိုသူငယ်မ လည်း ၃ မိနစ်ခန့်မျှနေပြီး ဦးချကန်တော့ ပြန်သွားလေသည်၊ ထိုနည်းတူစွာ ၂-ရက်ခန့်မျှ အချိန်မှန်စွာ ရောက်ရှိလာသဖြင့်၊ (၃) ရက်မြောက်နေ့၌၊ ဆရာတော်က အကြံဖြစ်သည်မှာ ဤသူငယ်မသည် အဓေးကြီးသည့် တစုံတခုသော အကြောင်းကိစ္စရှိ၍သာ လာခြင်းဖြစ်ပေမည်ဟု သဘောပိုက်တော်မူပြီး၊ လာရောက်ခြင်းအကြောင်းရင်းကို မေးမြန်းရာတွင် အရှင်ဘုရားကို ဖူးမျှော်လို၍ လာပါသည်ဘုရားဟု လျှောက်ထားပြီး၊ ဆရာတော်ဘုရားသည် သက်တော်၊ ဝါတော်များ ဘယ်လောက်ရှိပါပြီလဲဘုရား ဟု လျှောက်ထားသောအခါ၊ ဆရာတော်ဘုရားလည်း အသက်သိက္ခာများကို ပြန်ကြား အမိန့်ရှိပြီးနောက်၊ ဒါယိကာမကလေး၏ အသက်ကို မေးမြန်းရာတွင် တပည့်တော်သည် သထုံပြည် မနူဟာမင်းကို ပေါက်ဏဇာ အနော်ရထာမင်း သိမ်းယသော နေဟာ

www.dhammaransi.com

တပည့်တော်တို့ အိမ်ထောင်ကျတဲ့ နေ့ပါဘဲဘုရားဟု လျှောက်ထားလေသည်၊ တိုအခါ ဆရာတော်ဘုရားက သည်လိုဆိုလျှင် ဒါယိကာမလေး၏ အသက်သည် အတော်ကြီးပြီပေါ့ဟု မိန့်ကြားတော်မူ၍၊ ဘယ်လိုဆေးကောင်း, ဝါးကောင်းမျိုးကို မှီဝဲရပါသလဲလို့ အမိန့်ရှိသောအခါ၊ ဆေးကောင်း, ဝါးကောင်း ရယ်လို့တော့ အထူးမမှီဝဲရပါဘူးဘုရား သထုံပြည်နှင့် ပေါက်ကံပြည်ကို ရဟန္တာသခင် (ရှင်အရဟံ) ကြွလာစဉ်အခါက ချီးမြှင့် ပေးသနားတော်မူခဲ့တဲ့ ပုတီးစိပ်ကိုဘဲ နေ့စဉ်ယုံကြည်စွာ စဲ့မြဲ ပြီး စိပ်တာပါဘဲဘုရားဟု လျှောက်ထားလေသည်၊ ထိုအခါ ဤပုတီးစိပ်ပုံ, စိပ်နည်းနိသျှည်းကို ဆရာတော်အား လှူလို့ရမည်လားဟု အမိန့်ရှိပြန်ရာ၊ ဆရာတော်ဘုရားကို လှူလို၍ လာရောက်သည်မှာ ဤနေ့ပါ (၇) ကြိမ်ရှိပါပြီဘုရားဟု လျှောက်ထားပြီးနောက် အောက်ပါပုတီးစိပ်နည်းကို လှုဒါန်းလေဘော့၏။

ပုတီးစိပ်နည်း နိသျှည်းကား။

(၁) ဗုဒ္ဓံသရဏံ ဂစ္ဆာမိ၊ နာမရူပံ အနိစ္စံ၊ ဒုက္ခံ၊ အနတ္တာ။
(၂) ဓမ္မံသရဏံ ဂစ္ဆာမိ၊ နာမရူပံ အနိစ္စံ၊ ဒုက္ခံ၊ အနတ္တာ။
(၃) သံဃံသရဏံ ဂစ္ဆာမိ၊ နာမရူပံ အနိစ္စံ၊ ဒုက္ခံ၊ အနတ္တာ။
(၄) ဗုဒ္ဓံသရဏံ ဂစ္ဆာမိ၊ ဓမ္မံသရဏံ ဂစ္ဆာမိ၊ သံဃံသရဏံ၊ ဂစ္ဆာမိ၊ နမာရူပံ အနိစ္စံ၊ ဒုက္ခံ၊ အနတ္တာ။
(၅) အနန္တံ ဗလဝံ ဗုဒ္ဓံ၊ အနန္တံ ဂဂါစရံ ဓမ္မံ၊ အနန္တံ အရိယံသံဃံ၊ အနန္တံ ဗောဓိမုတ္တမံ။

ဤ ၅-ပုဒ်ဆုံးမှ ပုတီးတလုံးချ၍ သက်စေ့အောင်ယုံကြည်စွာ နေ့စဉ်စဲ့ပြီး အမြဲစိပ်ပါက အသက်ရှည်ခြင်း၊ ဘုန်းတန်ခိုး

www.dhammaransi.com

အာနန္ဘော် ကြီးမြတ်ခြင်း၊ ကြက်သရေမင်္ဂလာ တိုးတက် ခြင်း၊ ကြံတိုင်းအောင်၍ ဆောင်တိုင်းပြီးမြောက်ခြင်း၊ အစရှိသော လောကီ အကျိုးတရားတို့နှင့်တကွ လောကုတ္တရာ အကျိုးထူးတို့ကို ရရှိပါ၍ ယုံကြည်စွာ စိပ်တော်မူပါဘုရား၊ ဘုရားတပည့်တော်၏ ခင်ပွန်းသည်ပင်လျှင် မယုံတယုံ စိပ်ခါမျှဖြင့် အသက်[၁၅၀] နေပြီး သွားရပါသေးသည့်ဘုရားဟု လျှောက်ထားပြီး အထက်ပါ ပုတီး စိပ်နည်းကို လှူဒါန်းလေ၏။

လှူဒါန်းပြီးသောအခါ ဆရာတော်က, သင်ဒါယိုကာမလေးမှာ ယခုအခါ ဘယ်ပညာဖြင့် အသက်မွေးမြူပါသနည်းဟု မိန့်ကြားပြန်ရာ၊ တပည့်တော်မမှာ ဆန်ကလေးမျှားကို ရောင်းချပြီး အသက်မွေးပါသည်ဘုရားဟု လျှောက်ထားလေလျှင်၊ ဆရာတော်က တဖန်,ဆန်တမျိုးရောင်းရုံနှင့် အလုံးစုံပြည့်စုံရဲ့လားဟု မိန့်ကြားပြန်ရာ ဆန်ဟာရှေးဦးတကြိမ်ပင်ဝယ်ယူရပါသည်ဘုရား ဆန်လည်း လျှော့သွားခြင်း မရှိသည့်ပြင် ဆန်ဝယ်သူတို့ကလည်း ဆန်ဘိုးထက်မက တိုး၍ ပေးသွားကြပါသည် ဘုရားဟု လျှောက်ထားပြီး ဦးချပြန်သွားလေတော့၏။

ထို့ကြောင့် ဤပုတီးစိပ်ကို ယုံကြည်စွာ စိပ်ကြပါလျှင် ဗုဒ္ဓါနုဿတိ ဓမ္မာနုဿတိ သံဃာနုဿတိ ကမ္မဋ္ဌာန်းကို နေ့စဉ် စီးဖြန်းသည်မည်ခြင်း၊ သရဏဂုဏ် သုံးပါးနှင့် အရဟံဂုဏ်မျှားကို ပွားမျှား အားထုတ်သည်မည်ခြင်း၊ နာမ်ရုပ်နှစ်ပါးကို သိမ်းဆည်း၍ အနိစ္စ၊ ဒုက္ခ၊ အနတ္တဆိုတဲ့ လက္ခဏာရေးသုံးပါး ဝိပဿနာတရားမျှားကို ပွားမျှားသည် မည်သောကြောင့် ကပ်ဆိုးဘေးဆိုးနှင့် ရင်ဆိုင်တွေ့နေသော ဓနတ် ဖြစ်၍ ကြီးသည် ငယ်သည် ဟု သဘောမထားကြဘဲ ဘုရားဘက်က အသက်ရှည်၊ တရားဘက်က အမျက်ပြေ၊ သံဃာဘက်တော့ အခက်ဝေတယ် ဆိုတဲ့အတိုင်း

www.dhammaransi.com

နိဗ္ဗာန်ကို ရည်ရွယ်စိတ်ထား နှလုံးပွား၍ အမြဲစိပ်ကြ၏လတော့၊ အမျိုးသား-အမျိုးသီးအပေါင်း သူတော်ကောင်းတို့။

သာသနာတော် ၂၄၉၇။ မြန်မာကောဇာ ၁၃၁၆-ခု။ကဆုန်လပြည့်နေ့၌ စတင်ကျင်းပသော (ဆဋ္ဌသံဂါယနာ) ပဋမသန္တိပါတမှ ပြန်ကြွလာသော ဆရာတော်တပါးထံမှ ရရှိသော မူရင်းအတိုင်း ဖြစ်ပါသည်။

(ရှင်အရဟံ) ၏ ပုတီးစိပ်နည်းနှိုင်းအနက်ကား။

၁။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို၊ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။ နာမရူပံ၊ နာမ်ရုပ်သည်။ အစ္စံ၊ အမြဲမရှိ။ ဒုက္ခံ၊ ဆင်းရဲ၏။ အနတ္တာ၊ အစိုးမရ ကိုယ်မဟုတ်။

၂။ ဓမ္မံ၊ တရားတော်မြတ်ကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။ နာမရူပံ၊ နာမ်ရုပ်သည်။ အနိစ္စံ၊ အမြဲမရှိ။ ဒုက္ခံ၊ ဆင်းရဲ၏။ အနတ္တာ၊ အစိုးမရ ကိုယ်မဟုတ်။

၃။ သံဃံ၊ သံဃာတော်မြတ်ကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။ နာမရူပံ၊ နာမ်ရုပ်သည်။ အနိစ္စံ၊ အမြဲမရှိ။ ဒုက္ခံ၊ ဆင်းရဲ၏။ အနတ္တာ၊ အစိုးမရ ကိုယ်မဟုတ်။

၄။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို၊ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။ ဓမ္မံ၊ တရားတော်မြတ်ကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။ သံဃံ၊ သံဃာတော်မြတ်ကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။ နာမရူပံ၊ နာမ်ရုပ်သည်။ အနိစ္စံ၊ အမြဲမရှိ။ ဒုက္ခံ၊ ဆင်းရဲ၏။ အနတ္တာ၊ အစိုးမရ ကိုယ်မဟုတ်။

၅။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို၊ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။ ဓမ္မံ၊ တရားတော်မြတ်ကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။ သံဃံ၊ သံဃာတော်မြတ်ကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။ နာမရူပံ၊ နာမ်ရုပ်သည်။ အနိစ္စံ၊ အမြဲမရှိ။ ဒုက္ခံ၊ ဆင်းရဲ၏။ အနတ္တာ၊ အစိုးမရ ကိုယ်မဟုတ်။

www.dhammaransi.com

၅။ ဗလဝံ၊ အားတော်နှင့် ပြည့်စုံသော။ ဗုဒ္ဓံ မြတ်စွာဘုရားသည်။ အနန္တံ၊ အနန္တ တန်ခိုးတော်တည်း။ ဂေါစရံ၊ မင်္ဂိုလ်တို့၏ အာရုံဖြစ်သော။ ဓမ္မံ၊ တရားတော်မြတ်သည်။ အနန္တံ၊ အတိုင်းမသိ တန်ခိုးတော်တည်း။ အရိယံ၊ အရိယာဖြစ်သော။ သံဃံ၊ သံဃာတော်သည်။ အနန္တံ၊ အတိုင်းမသိ တန်ခိုးတော်တည်း။ ဗောဓိမုတ္တမံ၊ မြတ်သော ဗောဓိပက္ခိယ တရားတော်သည်။ အနန္တံ၊ အတိုင်းမသိ တန်ခိုးတော်သည်း။

အနက်ပြီး၏။

သမင်း ဓမြင်သည့် ဒေဆနာတော်း

ယထာ ပုဗ္ဗဏ္ဍကံ ပသော၊
ယထာ ပသော မရိစိကံ။
ဧဝံ လောက မဝေက္ခန္တံ၊
မစ္စုရာဇာ န ပဿတိ။

ပုဗ္ဗဏ္ဍကံ၊ ရေပွက်ကို။ ပသော ယထာ ဖြစ်၍ဖြစ်၍ ပျက်၏ ပျက်၏ဟု ရှုမြင်သကဲ့သို့ဝင်း။ မရိစိကံ၊ မျက်လှည့်နှင့် တံလျှပ်ကို။ ပသော ယထာ၊ ထင်တိုင်း မဟုတ်ဟု ရှုမြင်သကဲ့သို့ဝင်း။ လောကံ၊ ခန္ဓာတည်းဟူသော လောကကို။ ပသော၊ မပြတ်ရှုကြည့်နေရာ၏။ ဧဝံ၊ ဤသို့။ အဝေက္ခန္တံ၊ မပြတ် ရှုနေသောသူကို။ မစ္စုရာဇာ၊ သေမင်းသည်။ န ပဿတိ၊ မမြင်နိုင်။

ဤဘုရားပေးသော ဒေသနာအတိုင်း ရှုသဖြင့် ရဟန်းငါးရာ

www.dhammaransi.com

ရေပွက်သည် ဖြစ်၍ ပျက်၏၊ တံလျှပ် နှင့် မျက်လှည့်သည် ထင်တိုင်းမဟုတ်ဟု အမြဲမပြတ် ရှုနေသူကို သေမင်းမမြင်နိုင်။

သေမင်း မတွေ့တဲ့ နေရာသို့

ဖေဏူပမံ ကာယမိမံ ဝိဒိတွာ၊
မရီစိဓမ္မံ အာဘိသမ္ဗုဓါနေဝ။
ဆေတွာန မာရဿ သပုပ္ဖကာနိ၊
အဒဿနံ မစ္စုရာဇဿ ဂစ္ဆေ။

ဣမံ ကာယံ၊ ဤကိုယ်ကို။ ဖေဏူပမံ၊ ရေမြုပ်အမျိုး အကျိုး မဖြစ် အနှစ်မရ ကာလမရှည် ပျက်တပ်သည်ဟု။ ဝိဒိတွာ၊ သိ၍။ မရီစိ ဓမ္မံ၊ တံလျှပ်အတူ ယူ၍မရ အထင်မျှသာ ဖြစ်၏ဟု။ အဘိသမ္ဗုဓါနေဝ၊ ကောင်းစွာသိသည် ဖြစ်၍။ မာရဿ၊ မာရ်မင်း၏။ သပုပ္ဖကာနိ၊ ပန်းမာလ်နှင့်တကွ ဖြစ်သည်ဟု ဆိုအပ်ကုန်သော တဘူမက၊ ဝဋ်တို့ကို။ ဆေတွာန၊ ဖြတ်တောက်၍။ မစ္စုရာဇဿ၊ သေမင်း၏။ အဒဿနံ၊ မျက်ကွယ်ဖြစ်ရာ ပြည်ခေမာသို့။ ဂစ္ဆေ၊ ရောက်၏။

(လိုရင်းအဘျုပ် နာဝမ်, ရုပ် ဖြစ်ပျက် မပြတ်ရှုရန်။)

ပုတီးစိပ်နည်း နိဿည်းနှင့် ပေါ်ပေါက်လာမုံအကြောင်းစုံ စာတမ်း ပြီးပါ၏။

www.dhammaransi.com

ကျွန်တော်သည် ၁၉၅၉–ခုနှစ်၊ အောက်တိုဘာလအတွင်း ရန်ကုန်မြို့တွင် ကျင်းပခဲ့သော ပြည်လုံးကျွတ် နိုင်ငံတော် ကြံ့ခိုင်ရေး ညီလာခံသဘင်ကြီးသို့ တက်ရောက်ရာမှ ရရှိခဲ့သည့် တွာလက်ဆောင် စာအုပ်များအနက် အလူရှင်တဦး ရိုက်နှိပ် ဌာနဒါန်းသော (ပုတီးစိပ်နည်း နိဿည်း) စာအုပ်ငယ်ကို လူထု ကြများ ကုသိုလ်တရား ပွားများနိုင်ကြစေရန် ရည်သန်ချက် မွန် မြတ်သည့် စေတနာဖြင့် ဤဖိတ်ဖိတ်ရောင် ဘုရားကြီးသမိုင်းတွင် ဖြည့်စွက် ထည့်သွင်း ရိုက်နှိပ်ဖြန့်ဖြူးခြင်းဖြစ်ပါသည်။

(မူလ အလူရှင်၏ စာအုပ်ငယ် စာမျက်နှာ (၅) ဤစာအုပ် စာမျက်နှာ ၃၀-ပါ) အညွှန်းအတိုင်း နေစဉ်စဲ့၍ အမြဲပုတီးစိပ်နိုင် ပြီး (ကပ်) အမျိုးမျိုးတို့မှ ကျော်နင်း လွတ်ကင်းကြ လျက် လိုအင်ဆန္ဒ တစမကျန် ပြည့်ဝ၍ ကိုယ်စိတ်နှလုံး ရွှင်ပြုံးနိုင်ကြ ပါစေသော်။

အလုပ်သဘောဆိုသည်မှာ စုံမ်းစုံမ်းတမန် အမှုန်ဓကန် ပြုလုပ်မှုသာလျှင် လောကီ လောကုတ္တရာ နှစ်ဖြာအကျိုး တိုးပွား နိုင်သည်ကို သတိရှိကြပါ။

၁၃၂၂–ခုနှစ်။ နယုန်လဆန်း (၈) ရက်။

www.dhammaransi.com

၃၆

"ဆုတောင်း"

ဤသမိုင်းစာအုပ်ကို ဝယ်ယူ၍ ဖိတ်ဖိတ်ရောင်စေတီတော်
မြတ်အား ပြန်လည်မွမ်းမံ ပြုပြင်ရန် အလှူတော်ငွေ ထည့်ဝင်
လှူဒါန်းကြသော ကုသိုလ်ရှင် သူတော်စဉ် အပေါင်းတို့သည်
ကြောင့်ကြခပ်သိမ်း ဆင်းရဲခြင်းနှင့် ငရဲကင်းကွာ လိုရာဆန္ဒတစ
မကျန် ပြည့်စုံကြလျက် လောကီ လောကုတ္တရာ နှစ်ဖြာသော
အကျိုးကျေးဇူးတို့ဖြင့် မြတ်နိဗ္ဗာန်ရွေပြည်နန်းသို့ လွယ်ကူစွာ
တက်လှမ်းနိုင်ကြပါစေသတည်း။

တားမြစ်ချက်။

ဤသမိုင်းအား ထုတ်ဝေသူ၏ သဘောတူညီချက်မရရှိဘဲ
တဆင့်ကူးယူပုံနှိပ်ခြင်းနှင့် ဇာတ်လမ်း ဇာတ်ကွက် ဖန်တည်း၍
ပြဇာတ် ကဇာတ် ခင်းကျင်းကပြခြင်း ရုပ်ရှင်ရိုက်ခြင်း
ဝတ္ထုရေးခြင်းတို့ကို အထူးတားမြစ်ပါသည်။

(ပုံ) ကိုလေး။
ထုတ်ဝေသူ။

www.dhammaransi.com